# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း | ၂ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၆ |
| ၄ | ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ကျေးလက်ဆက်သွယ်ရေးဌာန (Multipurpose Community Telecentre) ၏လုပ်ငန်းများ ရပ်ဆိုင်းနေပြီး ကွန်ပျူတာနှင့် ဆက်စပ် ပစ္စည်းများ ပျောက်ဆုံးနေခြင်းနှင့် ၎င်းအဆောက်အအုံတွင် ပါတီအလံများ ထောင်ထားခြင်းတို့သည် တရားဝင်မှုရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၇ |
| ၅ | ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် အတည်ပြုခဲ့သည့် e-government Master Plan (၂၀၁၆-၂၀၂၀)ကို ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ မည်သည့်အချိန်တွင် အကောင်အထည် ဖော်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၆ | ချင်းတွင်းမြစ်ဝှမ်းဒေသရှိ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် အထက်ပိုင်းဆုံးအထိကို ဆက်သွယ် ထားသည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမကြီးအား လမ်းအဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ နှစ်အလိုက်မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၃ |
| ၇ | သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော သနပ်ပင်-ကျွဲတဲလမ်းပေါ်ရှိ အမှတ်(၁၂)၊ (၁၀၀ x ၁၂)ပေ သံပေါင်သစ်သားခင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၈ | မက်မန်းမြို့နယ်ရှိ ရောင်ခွန်-ရောင်လိုင်း-ရောင်ကပ် ရောင်အူ(ဝ)ကျေးရွာ ချင်းဆက်မြေသားလမ်း (၁၇/၄)မိုင်အနက် ဖောက်လုပ်ရန်ကျန်ရှိသည့် (၅/၄)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၀ |

| | | |
|---|---|---|
| ၉ | မြစ်သားမြို့နယ်အတွင်းရှိ အရေးပါလှသော Class(A)အဆင့်ရှိ လမ်းဖြစ်သည့် ခရုတုပ်-လက်ပံပင်-ကျားမြီးဆွဲ-ကလုံလမ်းကို လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၃ |
| ၁၀ | ဒိုက်ဦးမြို့နယ်၊ ဖျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာကြားရှိ ဘောနီချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၃၆ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ လူမွဲ ခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၉ |
| ၁၂ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၆၂ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# (၁၄-၁၁-၂၀၁၉)(ကြာသပတေးနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၏ **ဆက်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ကျေးလက်ဆက်သွယ်ရေးဌာန (Multipurpose Community Telecentre) ၏ လုပ်ငန်းများ ရပ်ဆိုင်းနေပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးနေခြင်းနှင့် ၎င်းအဆောက်အဦတွင် ပါတီအလံများထောင်ထားခြင်းတို့သည် တရားဝင်မှု ရှိ၊ မရှိ သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ **၂၀၁၆ ခုနှစ်၊ဩဂုတ်လတွင် အတည်ပြုခဲ့သည့် e-government Master Plan (2016-2020)ကို မည်သည့် ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ မည်သည့်အချိန်တွင် အကောင် အထည်ဖော်ဆောင်ရွက်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၏ **ချင်းတွင်းမြစ်ဝှမ်းဒေသရှိ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် အထက်ပိုင်းဆုံးအထိကို ဆက်သွယ်ထားသည့် သဗ္ဗာယ်ကျင်း- ဖောင်းပြင်- ဟုမ္မလင်း-ခန္တီးလမ်းမကြီးအား လမ်းအဆင့်မြှင့်တင်ခြင်းနှင့် စပ်လျဉ်း၍ နှစ်အလိုက်မည်သို့ စီစဉ်ဆောင်ရွက်သွားမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး သွားသော သနပ်ပင်-ကျွဲတဲလမ်းပေါ်ရှိ အမှတ် (၁၂)၊ (၁၀၀ × ၁၂) ပေ သံပေါင် သစ်သားခင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **မက်မန်းမြို့နယ်ရှိ ရောင်ခွန် – ရောင်လိုင်း – ရောင်ကပ် ရောင်အူ(ဝ) ကျေးရွာချင်းဆက်မြေသားလမ်း (၁၇/၄) မိုင်အနက် ဖောက်လုပ်ရန် ကျန်ရှိနေသည့် (၅/၄) မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာဦးလင်းလင်းကျော်၊ မြစ်သား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ် အတွင်းရှိ အရေးပါလှသော Class (A) အဆင့်ရှိ လမ်းဖြစ်သည့် ခရုတုပ်- လက်ပံပင်-ကျားမြီးဆွဲ-ကလုံလမ်းကို လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ ဖျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာကြားရှိ ဘောနီချောင်းကူးတံတားအား သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက် အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၈။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့မှတ်တမ်း

## ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်

## (၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)

## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ်ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ မင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၆၆ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေး အထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၁ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့−

(၁) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)မြင့်ဆွေ ခွင့် ၉ ရက်၊

(၂) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၁ ရက်၊

(၃) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၂ ရက်၊

(၄) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၆) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း ခွင့် ၂ ရက်၊

(၇) သာယာဝတီမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၁ ရက်၊

(၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊

(၉) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှငွေးဝင်း ခွင့် ၂ ရက်၊

(၁၀) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊

(၁၁) ရန်ကင်းမဲဆန္ဒနယ်မှ ဒေါ်ဇင်မာအောင် ခွင့် ၂ ရက်၊

(၁၂) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၂ ရက်၊

(၁၃) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၂ ရက်၊

(၁၄) မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၂ ရက်၊

(၁၅) တနသ်ာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၂ ရက်၊

(၁၆) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၂ ရက်၊

(၁၇) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၁ ရက်၊

(၁၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ ခွင့် ၁ ရက်၊

(၁၉) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်

(၂၀) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၁ ရက်၊

(၂၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၁ ရက်၊

(၂၂) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၂၃) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၂ ရက်၊

(၂၄) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊

(၂၅) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၂၆) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဒေါ်နီနီဒွန်း ခွင့် ၁ ရက်၊

(၂၇) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၁ ရက်၊

(၂၈) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၁ ရက်၊

(၂၉) တောင်သာမဲဆန္ဒနယ်မှ ဦးစစ်အေး ခွင့် ၁ ရက်၊

(၃၀) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့် ခွင့် ၁ ရက်၊

(၃၁) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၃၂) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၃၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၃၄) ခနောဖြူမဲဆန္ဒနယ်မှ ဦးတင်လှ ခွင့် ၁ ရက်၊

(၃၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်သီဟ ခွင့် ၁ ရက်၊

(၃၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ခွင့် ၁ ရက်၊

(၃၇) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၃၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်၊

(၃၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊

(၄၀) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်နှင့်

(၄၁) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၈ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၁ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၄၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၄၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ဖွင့်လှစ်ခဲ့သော ကျေးလက်ဆက်သွယ်ရေးဌာန (Multipurpose Community Telecentre) ၏လုပ်ငန်းများ ရပ်ဆိုင်းနေပြီး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးနေခြင်းနှင့် ၎င်းအဆောက်အအုံတွင် ပါတီအလံများထောင်ထားခြင်းတို့သည် တရားဝင်မှုရှိ/မရှိသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဟာ လှည်းကူးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကဖွင့်လှစ်ခဲ့တဲ့ ကျေးလက်ဆက်သွယ်ရေးဌာန(Multipurpose Community Telecentre)ရဲ့လုပ်ငန်းများ ရပ်ဆိုင်းသွားပြီး ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးနေခြင်းနှင့် ၎င်းအဆောက်အအုံမှာ ပါတီအလံများ ထောင်ထားခြင်းတို့သည် တရားဝင်မှုရှိ/မရှိသိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point နှင့် အင်္ဂလိပ်ဘာသာသုံးစွဲခွင့်ပြုပါ။ ၁၉၉၈ ခုနှစ်၊ မော်လတာနိုင်ငံ၊ ဗယ်လက်တာမြို့မှာ ကျင်းပခဲ့တဲ့ အပြည်ပြည်

ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(International Telecommunication Union–ITU) အစီအစဉ်နဲ့ ကျေးလက်ဒေသဆက်သွယ်ရေးစီမံကိန်း(Rural Telecommunication Project) ရေးဆွဲခဲ့ပြီး ဖွံ့ဖြိုးမှုနောက်ကျနေတဲ့နိုင်ငံများမှာ ကျေးလက်ဆက်သွယ်ရေးဌာန (Multipurpose Community Telecentre) ထူထောင်ပေးဖို့ လျာထားသတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်အရ မြန်မာနိုင်ငံ လှည်းကူးမြို့နယ် ဖောင်ကြီးဒေသမှာ ကျေးလက်ဆက်သွယ်ရေးဌာနတစ်ခု တည်ဆောက်ရန် ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ ၂၀၀၂ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပြီး ၅–၁–၂၀၀၄ ခုနှစ်မှာ စက်များတပ်ဆင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီအဆောက်အအုံကို ကျေးရွာပိုင်မြေနေရာနဲ့ ပြည်သူလူထုထည့်ငွေများနှင့်အတူ ဌာနဆိုင်ရာအကူအညီများနဲ့ပူးပေါင်းတည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။

ကျေးရွာနေပြည်သူလူထုများ သင့်တင့်သောနှုန်းထားများဖြင့် ခေတ်မီဆက်သွယ်ရေးအထောက်အကူပစ္စည်းများကို အသုံးပြုနိုင်ဖို့ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပါတယ်။ ကြီးကြပ်မှုကော်မတီအနေနဲ့ အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်မှုအဖွဲ့ချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဗဟိုသမဝါယမကောလိပ်၊ ရန်ကုန်တိုင်းဒေသကြီး(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပါဝင်ကြပါတယ်။ ကျေးလက်ဆက်သွယ်ရေးဌာနရဲ့ လျာထားလုပ်ငန်းများကတော့ Environment Monitoring Tele–education Tele Medicine၊ Trade and Business Communication Support၊ Government and Community Information Teleworking တို့ဖြစ်ပါတယ်။ ဖွင့်လှစ်သင်ကြားခဲ့တဲ့သင်တန်းများကတော့ ကွန်ပျူတာအခြေခံသင်တန်း၊ Email and Internet အသုံးပြုပုံ၊ အဆင့်မြင့်ကွန်ပျူတာသင်တန်း၊ စာစီစာရိုက်(DTP Course)တို့ဖြစ်ပါတယ်။ ITU က ထောက်ပံ့ပေးတဲ့ပစ္စည်းများကတော့ Power Point မှာဖော်ပြထားတဲ့အတိုင်း ကွန်ပျူတာများအပါအဝင် ဆက်စပ်ပစ္စည်း ၁၈ မျိုးပါဝင်ပါတယ်။ အမေရိကန်ဒေါ်လာ ၂၇၄၃၅ ဖြစ်ပါတယ်။ အဲဒီ ၂၀၀၄ ခုနှစ်က အဲဒီ

အချိန်က ကွန်ပျူတာကိုရှားရှားပါးပါးတွေ့မြင်ရတဲ့ကာလဖြစ်ပါတယ်။ လက်ကိုင်ဖုန်းတွေကလည်း တွင်တွင်ကျယ်ကျယ်မပေါ်သေးပါဘူး။ အဲဒီအချိန်မှာ ကျေးလက်နေအများပြည်သူများကို တယ်လီဖုန်းဆက်သွယ်ရေးဝန်ဆောင်မှု၊ Internet၊ Email၊ Intranet ဝန်ဆောင်မှုလုပ်ငန်းတွေ၊ ကွန်ပျူတာ၊ Email and Internet သင်တန်းတွေ၊ စာစီစာရိုက်၊ မိတ္တူ၊ ဓာတ်ပုံရိုက်ကူးလုပ်ငန်းတွေကို သင့်တင့်သောဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးနိုင်ခဲ့ပါတယ်။ အကျိုးကျေးဇူးကတော့ ဒေသအတွင်း အဖွဲ့အစည်းများ၊ ကျောင်းသားကျောင်းသူများရဲ့ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနဲ့ စီမံခန့်ခွဲမှု ကိစ္စများကို အထောက်အကူပြုပြီး ခေတ်မီ ICT နည်းပညာကို လူငယ်၊ လူရွယ်များ စောစီးစွာ ထိတွေ့အသုံးချခွင့်ရရှိပြီး မြန်မာနိုင်ငံရဲ့အနာဂတ် e-Government ထူထောင်ရေးလုပ်ငန်းကိုလည်း များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖောင်ကြီးဒေသ ကျေးလက်ဆက်သွယ်ရေးလုပ်ငန်းဟာ ၂၀၀၆ ခုနှစ်မှာ ရပ်ဆိုင်းသွားပါတယ်။ ကွန်ပျူတာနဲ့ဆက်စပ်ပစ္စည်းတွေလည်းမရှိတော့ပါဘူး။ အဲဒီတော့ ITU ကထောက်ပံ့ပေးထားတဲ့ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်ရေးဦးစီးဌာနက သိမ်းထားပါသလား သို့မဟုတ် ပျောက်ဆုံးသွားပြီလား။ ပျောက်ဆုံးသွားလျှင် ဥပဒေအရ အရေးယူ ဆောင်ရွက်မှုရှိပါသလား သိရှိလိုပါတယ်။ ဒီ့အပြင် ကျေးရွာပိုင်မြေပေါ်မှာ ကျေးရွာပြည်သူလူထုငွေ ဖြင့်ဆောက်လုပ်ထားသောအဆောက်အအုံမှာ ပြည်သူလူထုကို ပြန်လည်အပ်နှံဖို့ ရှိ/မရှိ သိ လိုပါတယ်။ အဲဒီမှာလည်းပဲ ပါတီဆိုင်းဘုတ်နဲ့အလံများစိုက်ထူထားခြင်းသည် တရားဝင်မှုရှိ/မရှိ သိရှိလိုပါ ကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါ တယ်။

## ဖြေကြားချက်

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းတန်၏ ယခင်ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကဖွင့်လှစ်ခဲ့သော ကျေးလက်ဆက်သွယ်ရေးဌာန (Multipurpose Community Telecentre)၏လုပ်ငန်းများရပ်ဆိုင်းလျက်ရှိပြီး ဆက်သွယ်ရေးဆိုင်ရာ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပျောက်ဆုံးနေခြင်းနှင့် ၎င်းအဆောက်အအုံတွင် ပါတီအလံများထောင်ထားခြင်းတို့အား သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ဖြေကြားမှာ ဖြစ်ပါတယ်။

အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်(ITU)၏ Telecommunication Development Bureau မှ မော်လတာနိုင်ငံ၊ ဗယ်လက်တာမြို့တွင် ၁၉၉၈ ခုနှစ်၌ ကျင်းပပြုလုပ်ခဲ့တဲ့ ကမ္ဘာ့ကြေးနန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကွန်ဖရင့်(World Telecommunication Development Conference–WTDC)က ချမှတ်ထားသော ဗယ်လက်တာစီမံချက်(Valletta Action Plan)အရ ၂၀၀၁ ခုနှစ်တွင်ဆောင်ရွက်မယ့်အစီအစဉ်မှာ မြန်မာနိုင်ငံကျေးလက်ဒေသ ဆက်သွယ်ရေးစီမံကိန်း(Rural Telecommunication Project for Myanmar)အဖြစ် ဒေသအဖွဲ့အစည်းဆိုင်ရာ ဆက်သွယ်မှုဗဟိုဌာန(Multipurpose Community Telecentre–MCT)များထူထောင်ရန် လျာထားသတ်မှတ်ခဲ့ပြီးတော့ ကျေးလက်ဒေသရှိပြည်သူများ၏လူနေမှုဘဝလုပ်ငန်းများအတွက် သင့်တင့်မျှတသောနှုန်းထားများဖြင့် အသုံးပြုနိုင်ရေးရည်ရွယ်၍ ရှေ့ပြေးစီမံချက်အဖြစ်ဆောင်ရွက်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဖောင်ကြီးဒေသကိုရွေးချယ်ခဲ့ပြီးတော့(ITU)၏ ပံ့ပိုး ကူညီမှုဖြင့် MCT ကို ဖောင်ကြီးဒေသမှာ ၂၀၀၄ ခုနှစ် အောက်တိုဘာလမှစ၍ ဖွင့်လှစ်ဆောင်ရွက် ခဲ့ပါတယ်။

MCT ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းသည် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီ ICT နည်းပညာများကို ထိတွေ့ခွင့်ရရှိပြီး နည်းပညာကွာဟချက် များ ကျဉ်းမြောင်းစေရန်၊ ICT ကိုအခြေခံ၍ အလုပ်အကိုင် အခွင့်အလမ်းဆိုင်ရာများ ဖန်တီးပေးနိုင် ရန်၊ ICT အသိပညာဗဟုသုတများရရှိ၍ လက်တွေ့အသုံးချဆောင်ရွက်နိုင်စေရန် Public Access Center အဖြစ် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။

ယခင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအနေဖြင့် အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာကြေးနန်းဆက်သွယ်ရေးအဖွဲ့ ချုပ်(ITU)၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ဗဟို သမဝါယမကောလိပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့မှ ကိုယ်စားလှယ်များပါဝင်သောကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ MCT ဖွင့်ပွဲ အခမ်းအနားမှာ အဆောက်အအုံနှင့်ပတ်သက်တဲ့စာရွက်စာတမ်းများ၊ ITU က ထောက်ပံ့သော စက်ပစ္စည်းများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ တာဝန်ယူကြီးကြပ်ဆောင်ရွက် နိုင်ရန်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရပါတယ်။

လှည်းကူးမြို့နယ်၊ ဖောင်ကြီးဒေသရှိ MCT ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မှ ဝန်ထမ်းငါးဦးနှင့် စတင်ဖွဲ့စည်းတာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။ ၎င်းစီမံကိန်းကို ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီး ဌာနက ပထမနှစ်မှာ MCT ဝန်ထမ်းများကို Capacity Building ပြုလုပ်ပေးတဲ့အနေနဲ့ ICT နှင့် သက်ဆိုင်တဲ့သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ ဆက်သွယ်ရေးဆိုင်ရာစက်ပစ္စည်းများကို

စနစ်တကျကိုင်တွယ်ထိန်းသိမ်းနိုင်ရန်အတွက် သင်ကြားပေးခြင်းတို့ကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ MCT ၏လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေး(Self–Sustainable)ဖြစ်စေရန် လုပ်ငန်းများလည်ပတ်ရန်နှင့် စက်ပစ္စည်းများ ထိန်းသိမ်းခြင်းတို့အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကသာ ဆက်လက်တာဝန်ယူကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံတကာတွင်လည်း MCT များသည် လုပ်ငန်းလည်ပတ်အသုံးပြုခြင်းမှ ကောက်ခံရရှိသောဝင်ငွေများဖြင့် ရေရှည်တည်တံ့နိုင်ရေး(Self–Sustainable)ဖြစ်စေရန် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရတာဖြစ်ပါတယ်။ ယခုအခါ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သောကြောင့် စက်ပစ္စည်းများမှာအသုံးပြု၍ မရနိုင်တော့ခြင်း၊ ဆက်လက်အသုံးပြုရန် သင့်တော်မှုမရှိတော့ခြင်းနှင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အဆောက်အအုံသည်လည်း အခြေအနေအရပ်ရပ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိပြီး ယခင်(MCT)လုပ်ငန်းများ ဆောင်ရွက်ခဲ့စဉ်က အသုံးပြုခဲ့သော ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ၎င်းအဆောက်အအုံအတွင်း သိမ်းဆည်းထားကြောင်း သိရှိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ တင်ပြပါပုံကတော့ ဖောင်ကြီးဒေသရှိ MCT အဆောက်အအုံရဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဒါလည်းပဲ အဆောက်အအုံရဲ့မှတ်တမ်းဓာတ်ပုံတွေပဲဖြစ်ပါတယ်။ ဒီပုံကတော့ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများကို MCT အဆောက်အအုံအတွင်းမှာ သိမ်းဆည်းထားတဲ့မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။ ဖောင်ကြီးဒေသမှာရှိတဲ့ MCT ဟာ Community Base Project ဖြစ်တဲ့အတွက် ရပ်ရွာလူထုကသာ ပိုင်ဆိုင်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါ MCT Project အား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည့်အချိန်မှစတင်၍ MCT ၏ လုပ်ငန်းလည်ပတ်နိုင်ရေးကိစ္စများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းခြင်းကိစ္စရပ်များအားလုံးကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကသာ တာဝန်ယူကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် အပြည့်ပြည့်ဆိုင်ရာကြေးနန်း

ဆက်သွယ်ရေးအဖွဲ့ချုပ်(ITU)က Community Base Project အဖြစ် ရပ်ရွာလူထုသို့ ထောက်ပံ့ပေးထားသည့်ပစ္စည်းများကို တစ်စုံတစ်ရာသိမ်းဆည်းထားခြင်းမရှိပါကြောင်း၊ အဆိုပါ MCT ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ဖောင်ကြီးဒေသရှိအဆောက်အအုံသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ပိုင်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ဝန်ကြီးဌာန၏ပုံသေပိုင်ပစ္စည်းစာရင်းတွင်လည်း ပါဝင်မှုမရှိသောကြောင့် MCT အဆောက်အအုံကို ကျေးရွာပြည်သူလူထုထံ ပြန်လည်အပ်နှံနိုင်ရေးသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာတို့ကသာ စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ကျွန်တော်တို့ ဒီကျေးလက် ဒီ Community Centre ပေါ့။ ဒီဟာနဲ့ပတ်သက်လို့ အကြောင်းအရာ အခြေအနေ အရပ်ရပ်ကြောင့် လုပ်ငန်းရပ်ဆိုင်းသွားတဲ့အကြောင်းပြောပါတယ်။ ဒီပစ္စည်းတွေက နိုင်ငံခြားက ကျွန်တော်တို့ကို ပေးလိုက်တာဖြစ်ပါတယ်။ သို့သော် ဌာနပိုင်မဟုတ်တော့ဘူးပေါ့နော်။ ကျွန်တော်တို့ ဒေသ ပြည်သူတွေရဲ့အပိုင်လည်းမဟုတ်တော့ဘူးဆိုတဲ့ဟာလည်းပါတယ်။ ဒါပေမယ်လို့ ကျွန်တော်တို့ဟာ ဒီပစ္စည်းတွေဆုံးရှုံးတာသည် ကိုယ့်ပစ္စည်းဆုံးရှုံးသလိုပဲ ကျွန်တော်တို့ ခံစားရပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းကြီးဟာလည်း နှစ်နှစ်လောက်ပဲနေပြီးတော့ တကယ်ရပ်ဆိုင်းသွားတာလည်း ကျွန်တော်တို့ဒေသအတွက် တစ်နည်းအားဖြင့် ကျွန်တော်တို့လူငယ်တွေအတွက် အများကြီးကို အခွင့်အရေးဆုံးရှုံးခဲ့ရပါတယ်။ ဒီအပြင် အခုဒီလုပ်ငန်း မလုပ်တော့သော်လည်းပဲ ဒီအဆောက်အအုံဟာ ဒေသပိုင်၊ ကျေးရွာပိုင်နေရာမှာ ကျေးရွာပြည်သူလူထုထည့်ဝင်ငွေနဲ့ ဆောက်လုပ်ထားတဲ့ အဆောက်အအုံကို လွတ်လွတ်လပ်လပ်ပြန်လည်ပြီးတော့ မသုံးစွဲရဘဲနဲ့ပါတီတစ်ခုကနေပြီးတော့ ဆိုင်းဘုတ် ထောင်ထားတယ်။ အလံစိုက်ထားတယ်ဆိုကတည်းက ပိုင်ဆိုင်တယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး သက်ရောက်နေပါတယ်။ အဲဒီတော့ ဒီကိစ္စကိုလည်းပဲ ဒုတိယဝန်ကြီးအနေနဲ့ ဘယ်လိုဖြေရှင်းရမယ်။

ဘယ်လိုဖြေရှင်းဖို့ဆောင်ရွက်ပေးပါသလဲဆိုတာကိုသိရှိလိုကြောင်း ဆက်စပ်မေးခွန်း မေးအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်ကြီးခင်ဗျား။ ဒီကိစ္စကတော့ ဒါဝန်ကြီးကလည်း ပြောပြီးသားပါ။ ဒီကိစ္စက ဘာလဲလို့ပြောလို့ရှိရင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးက ပိုင်ဆိုင်တဲ့ပစ္စည်းမဟုတ်ပါဘူး။ ဘယ်သူကပိုင်လဲလို့ဆိုရင် ရပ်ရွာကနေပြီးတော့ ပိုင်ဆိုင်တဲ့ပစ္စည်းဖြစ်ပါတယ်လို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကနေ ဖြေကြားထားတာရှိပါတယ်။ ဒီပစ္စည်းရဲ့ပိုင်ရှင်အစစ်တွေသည် ရပ်ရွာကသာပိုင်ဆိုင်တဲ့ပစ္စည်းလို့ ဝန်ကြီးကဖြေကြားထားတာရှိပါတယ်။ တကယ်လို့ ဒီကိုယ်စားလှယ်တော်ကြီးအနေနဲ့ ဝန်ကြီးရဲ့ဖြေကြားချက်အပေါ်မှာ မူတည်ပြီးတော့ ကျွန်တော်တို့ တခြားဆောင်ရွက်ဖွယ်ရာရှိတယ်ဆိုလို့ရှိရင် ရပ်ရွာကနေပိုင်ဆိုင်တဲ့ပစ္စည်းအနေနဲ့ အများပိုင်ပစ္စည်းအနေနဲ့ပဲ ဆောင်ရွက်ဖို့ရာရှိပါတယ်။

**၂၀၁၆ ခုနှစ် ဩဂုတ်လတွင် အတည်ပြုခဲ့သည့် e-government Master Plan (၂၀၁၆-၂၀၂၀)ကို ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ မည်သည့်အချိန်တွင် အကောင်အထည် ဖော်ဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ e-Government နဲ့ပတ်သက်တဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ e-Government ဆိုသည်မှာ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများက ICT နည်းပညာကို အသုံးပြု၍ သုံးစွဲသူပြည်သူများ၊ ဌာနဆိုင်ရာများနှင့် အခြားအဖွဲ့အစည်းပေါင်းစုံသို့ Internet မှတစ်ဆင့် ထိရောက်မြန်ဆန်စွာဝန်ဆောင်မှုပေးခြင်းလုပ်ငန်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ e-Government စနစ်ကိုဖော်ဆောင်ဖို့ ကြိုးပမ်းဆောင်ရွက်လာတာဆိုရင် အခုဆိုရင် (၁၀)စုနှစ်တစ်ခုမကကျော်နေပြီဖြစ်ပါတယ်။ သို့သော်လည်းပဲ ယခင်ရေးဆွဲခဲ့တဲ့ ICT Master Plan များက ICT ကဏ္ဍဖွံ့ဖြိုးဖို့သာ ဦးစားပေးထားတဲ့အတွက် ၂၀၁၆ ခုနှစ်မှာတော့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကနေပြီးတော့ Myanmar e-Government Master Plan(2016-2020)ဆိုပြီးတော့ ကျွန်တော်တို့ရေးဆွဲခဲ့ပြီးတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာ အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုရေးဆွဲတဲ့နေရာမှာလည်း မြန်မာနိုင်ငံရဲ့အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ e-Government ကလည်း အဓိကအရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် ဆောင်ရွက်ရခြင်းဖြစ်တယ်လို့လည်း ဖော်ပြထားတာဖြစ်ပါတယ်။

ဒီ e-Government လုပ်ငန်းစဉ်များဟာ နိုင်ငံရဲ့ပွင့်လင်းမြင်သာမှုရှိတဲ့၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့လုပ်ငန်းများကိုဖော်ဆောင်ဖို့အတွက် အရေးပါတဲ့လုပ်ငန်းစဉ်များဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်များကို အလျင်အမြန်ဖော်ဆောင်နိုင်ခဲ့လို့ရှိရင်လည်း နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုဟာ ပိုပြီးတော့ မြန်ဆန်သွက်လက်လာမှာဖြစ်ပါတယ်။ ICT ဟာအရေးပါတဲ့ပညာတစ်ခုဖြစ်ပြီးတော့ ICT ပညာဟာ အကောင်းဆုံးအရင်းအနှီးဖြစ်ပြီး စီးပွားရေးရဲ့အရေးကြီးဆုံးအရင်းအမြစ်ဖြစ်တယ်ဆိုပြီးတော့လည်း နိုင်ငံတကာက လက်ခံထားတာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ပထဝီအနေအထားပျံ့နှံ့နေမှု၊ လူမှုစီးပွားရေးကွဲပြားနေမှုများကို e-Government စနစ်အသုံးပြုပြီးတော့ ထိထိရောက်ရောက်စီမံခန့်ခွဲပြီးတော့ ခုန်ပျံကျော်လွှားဆောင်ရွက်သွားနိုင်တဲ့အခွင့်အရေးတွေ ရှိပါတယ်လို့လည်း ဤ Plan ထဲမှာဖော်ပြထား

တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့မေးမြန်းလိုတာကတော့ ၂၀၁၆ ခုနှစ် ဩဂုတ်လမှာအတည်ပြုခဲ့တဲ့ e-Government Master Plan ကို ဝန်ကြီးဌာနများအချင်းချင်းပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ Master Plan မှာပါတဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်တဲ့ အဆင့်တွေ၊ တွေ့ကြုံခဲ့ရတဲ့စိန်ခေါ်မှုတွေ ဒါတွေနဲ့ပတ်သက်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနဲ့ ဘယ်အချိန်ကျမှ ကျွန်တော်တို့ e-Government စနစ်ကိုပြည့်ပြည့်စုံစုံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မလဲဆိုတာကို သိရှိလိုတဲ့အတွက် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသာဦး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၏ ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် အတည်ပြုခဲ့သည့် e-government Master Plan(၂၀၁၆-၂၀၂၀)ကို မည်သည့်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်၍ အကြံဉာဏ်များရယူဆောင်ရွက်နေပါသနည်း။ Master Plan မှာပါဝင်သည့် အဆင့်များတွင် အခိက မည်သည့်အဆင့်အထိဆောင်ရွက်နေပါသနည်း။ ကျော်လွှားရမည့် စိန်ခေါ်မှုများကို မည်မျှကျော်လွှားနိုင်ပါသနည်း။ မည်သည့်အချိန်ကျမှ e-government စနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်မည်ကို သိလိုခြင်းနှင့်စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးသာဦးက ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းအပေါ် ပြည့်ပြည့်စုံစုံ ဖြေကြားနိုင်ရန်အတွက် အချိန်ပိုခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ မြန်မာနိုင်ငံတွင် e-government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၏အတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၃-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၄/၂၀၁၈)ဖြင့် e-government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ထို့အပြင်လုပ်ငန်းများပိုမိုတွင်ကျယ်မြန်ဆန်စေရေးအတွက် e-government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ဆပ်ကော်မတီရှစ်ခုကိုဖွဲ့စည်းပေးခဲ့ပါတယ်။ e-government ဦးဆောင်ကော်မတီမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နာယကအဖြစ်လည်းကောင်း၊ ဒုတိယသမ္မတ(၁)က ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ(၁)အဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌ(၂)အဖြစ်လည်းကောင်း တာဝန်ယူဦးဆောင်လျက် ပြည်ထောင်စုဝန်ကြီးဌာနများက ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှနာယကတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး e-government ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စတုတ္ထအကြိမ်အထိ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။

e-government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ယူဦးဆောင်လျက် ပြည်ထောင်စုဝန်ကြီးဌာနများက ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့(အဖွဲ့ဝင်)၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဝန်ကြီး

တစ်ဦးစီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ အမြဲတမ်းအတွင်းဝန်များနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ နာယကတို့က အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းထားရှိပြီး တော့ e-government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို စတုတ္ထအကြိမ်အထိ ကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ e-government Master Plan နှင့်အညီ ဖွဲ့စည်းခဲ့တဲ့ အထက်ပါ e-government ဦးဆောင်ကော်မတီနှင့် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီများတွင် ပါဝင်သော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့ဖြင့် လုပ်ငန်း ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ ဆပ်ကော်မတီများကလည်း လိုအပ်သော လုပ်ငန်းများကို ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ e-government ဖွံ့ဖြိုးတိုးတက်မှုကို ညွှန်းကိန်းများတိုင်းတာရာတွင်(၁) ICT Infrastructure များတည်ဆောက်ခြင်း (၂) Online Application များ အသုံးပြုနိုင်ရန် ဆောင်ရွက် ပေးခြင်းနှင့် (၃) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နိုင်ခြင်း စသည်တို့ဖြင့် တိုင်းတာအပ်ပါတယ်။ အထက်ပါအချက် သုံးချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် e-government Master Plan မှာ အခန်း(၆) လမ်းပြမြေပုံ အကောင်အထည်ဖော်ခြင်းအခန်းမှာ အဆင့်လေးဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရန် ထားရှိပါတယ်။ e-government ဦးဆောင်ကုမ္ပဏီရဲ့ ကြီးကြပ် လမ်းညွှန်မှုဖြင့် ၎င်းအဆင့်လေးဆင့်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ e-government စနစ် အကောင်အထည်ဖော်ဆောင်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော ICT Infrastructure များအား တည်ဆောက်ပေးနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ အမျိုးသားအဆင့်

သတင်းအချက်အလက်ဗဟိုဌာနဖြစ်သည့် e-government Integrated Data Center(eGIDC) တည်ဆောက်ခြင်းစီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးရန်ပုံငွေ(Economic Development Cooperation Fund-EDCF)ချေးငွေ အမေရိကန်ဒေါ်လာ ၉၃.၇၇၉ သန်းဖြင့် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ စီမံကိန်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့၌ တင်ပြအတည်ပြုခဲ့ပြီး ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် နှစ်နိုင်ငံ ချေးငွေသဘောတူစာချုပ် ချုပ်ဆိုခဲ့ပြီး ဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့်ကာလမှာ ၃၃ လ ကြာမြင့်မှာဖြစ်ပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ Consultant ခန့်အပ်ခြင်း၊ တင်ဒါခေါ်ယူခြင်း၊ စိစစ်ခြင်းနှင့် တင်ဒါရွေးချယ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ဆက်သွယ်ရေးဆိုင်ရာ Infrastructure များကိုလည်း တိုးချဲ့ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ အချက်အလက်များအရ မြန်မာနိုင်ငံတွင် မိုဘိုင်းကွန်ရက်ဖြင့် လူဦးရေလွှမ်းခြုံမှု(Population Coverage)သည် ၉၄ ရာခိုင်နှုန်းခန့်နှင့် မိုဘိုင်း SIM Card သိပ်သည်းဆမှာ ၁၃၅ ရာခိုင်နှုန်းခန့်သို့ ရောက်ရှိခဲ့ပြီး အင်တာနက်အသုံးပြုမှုမှာ သုံးစွဲသူများ အားလုံးပဲ ၈၄ ရာခိုင်နှုန်းခန့်ရှိနေပြီဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံတော်ကချမှတ်ထားတဲ့ စီးပွားရေး မူဝါဒ(၁၂)ရပ်တွင် Data ID Card System, Digital Government Strategy နှင့် e-Government System ကို ဆောင်ရွက်သွားရန်ဟူသော အချက်ပါရှိပြီး ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်(SDG Target-16.9)တွင် သက္ကရာဇ် ၂၀၃၀ တွင် မွေးစာရင်း အပါအဝင် လူတိုင်းတရားဝင်မှတ်ပုံတင်တစ်ခုရရှိရေး ရည်မှန်းချက်လည်းပါဝင်ပါတယ်။ မြန်မာနိုင်ငံ တွင် နိုင်ငံသားစိစစ်ခြင်းလုပ်ငန်းကို Digital စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် ဆန်းစစ်မှုများပြုလုပ်ခဲ့ရာ တွေ့ရှိချက်များအရ နိုင်ငံတွင်း နေထိုင်သူများ၏ Biographic နှင့်

Biometric Data များကောက်ယူ၍ Database တွင် သိမ်းဆည်းထားပြီး Unique ID နံပါတ်တစ်ခုစီ သတ်မှတ်ပေးသည့်လုပ်ငန်းစဉ်ကို ဦးစားပေးအစီအစဉ်အနေဖြင့် ဆောင်ရွက်ပြီး နိုင်ငံသားစိစစ်ခြင်း လုပ်ငန်းကို Digital စနစ်ဖြင့်ပြောင်းလဲပြီး နိုင်ငံသားကတ်ကို Smart Card ဖြင့် ထုတ်ပေးမည့် အစီအစဉ်ကို ဒုတိယအဆင့်အနေဖြင့် ဆောင်ရွက်သွားရန် e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခဲ့ပါတယ်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ အတွင်းနေထိုင်သူများကို Digital စနစ်ဖြင့် မှတ်ပုံတင်သည့်စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် e-Government ဦးဆောင်ကော်မတီ၏ ၁၂-၆-၂၀၁၈ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ်(၁/၂၀၁၈)ဖြင့် e-ID စနစ်လုပ်ငန်းကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးတော့ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆပ်ကော်မတီခြောက်ခု၊ နေပြည်တော်/ တိုင်းဒေသကြီး/ပြည်နယ်ဦးဆောင်ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုတို့တွင် လုပ်ငန်းအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါတယ်။ e-ID စနစ်ကို အကောင်အထည်ဖော်နိုင်ရေး အတွက် ဩစတြီးယားနိုင်ငံနှင့် G to G ပူးပေါင်းဆောင်ရွက်ခြင်းအရ ဩစတြီးယားနိုင်ငံမှ တင်ပြလာတဲ့ စီမံကိန်းအဆိုပြုလွှာအပေါ် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါ လုပ်ငန်း စာချုပ်ချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတွင် ယာဉ်အစီးရေ များပြားလာမှုကြောင့် ဖြစ်ပေါ်လာတဲ့စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်နှင့် ယာဉ်လမ်းကြောင်း ကြပ်မတ်မှုဆောင်ရွက်နိုင်ရန်အတွက် ကြိုးမဲ့လျှပ်စစ်သံလိုက်လှိုင်းစနစ်ကိုအသုံးပြု၍ ၎င်းစနစ် တပ်ဆင်ထားသောယာဉ်များကို ခြေရာခံပြီး သက်ဆိုင်ရာအချက်အလက်များကို အလိုအလျောက် ဖော်ထုတ်ပေးနိုင်မည့် Radio Frequency Identification(RFID)စနစ်စီမံကိန်းကို ပို့ဆောင်ရေးနှင့်

ဆက်သွယ်ရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူပဲ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း Ministry Specific Application များကို ဆောင်ရွက်လျက်ရှိပါတယ်။ ဥပမာအားဖြင့် မြင်သာသော Application များမှာ Company Registration ပြုလုပ်နိုင်တဲ့ myco website, Myanmar Automated Cargo Clearance System(MACCS) Electronic Data Interchange(EDI), Vehicle Registration Management System နှင့် ပြည်ထောင်စုလွှတ်တော်မှာ သုံးတဲ့ Online Application for Visitor Services စသည်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့ကြတာ ဖြစ်ပါတယ်။

e-Government လုပ်ငန်းဆောင်ရွက်ရာမှာ Online Application များ အသုံးပြုနိုင်ရန် အတွက် အဓိကဖြစ်တဲ့ ကွန်ပျူတာသုံးမြန်မာစာကို စံစနစ်ဖြစ်စေရန် ၂၁-၂-၂၀၁၉ ရက်နေ့တွင် အမျိုးသားစံချိန်စံညွှန်းကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၂၂/၂၀၁၉)ဖြင့် ISO(International Standard Organization) 10646 အရ ကိုက်ညီတဲ့ မြန်မာ Unicode ကို စံစနစ်အဖြစ် ထုတ်ပြန်ခဲ့ရာ ISO အရ ကိုက်ညီသည့် မြန်မာ Unicode စနစ်ဖြစ်သော Pyidaungsu Font ကို အစိုးရဌာနအဖွဲ့အစည်းအသီးသီးက ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ အသုံးပြုလျက်ရှိပြီးတော့ မြန်မာနိုင်ငံတစ်ဝန်းလုံးအနေဖြင့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ မြန်မာ Unicode စနစ်ကို အသုံးပြုနေကြပြီဖြစ်ပါတယ်။ e-Government Master Plan တွင်ပါဝင်တဲ့ တိုင်းရင်းသားဘာသာစကားများအတွက် အဆင်သင့်ဖြစ်မှုနှင့် စံသတ်မှတ်ခြင်းလုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ e-Government လုပ်ငန်းစဉ်များ အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်နိုင်ရန် အစိုးရဌာနအသီးသီးမှ လွှင့်တင်ထားသော Website များ၊ e-service များအား တစ်နေရာတည်းတွင် စုစည်း၍ ပြည်သူလူထုသို့ လွယ်ကူလျင်မြန်သော၊ ကောင်းမွန်ထိရောက်သော Single Window Public Services ပေးနိုင်ရန်ရည်ရွယ်၍ Myanmar National Portal အား တည်ဆောက်ခဲ့ပြီးတော့

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ သက်ဆိုင်ရာကဏ္ဍအလိုက် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို Myanmar National Portal ပေါ်တွင် လွှင့်တင်ပေးနေပြီ ဖြစ်ပါတယ်။ ပိုမို၍ အသုံးပြုမှု တွင်ကျယ်လာစေရေးကိုလည်း တွန်းအားပေးဆောင်ရွက်လျက်ရှိပါတယ်။

e-Government Master Plan ပါ လမ်းပြမြေပုံပါ အဆင့်လေးဆင့်တွင် ပါဝင်တဲ့အဆင့်များအလိုက် စီမံအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ လမ်းပြမြေပုံတွင် ကနဦး၊ ကာလတို၊ ကာလလတ်နှင့် ကာလရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များပါရှိရာ အထက်ဖော်ပြပါအတိုင်း လုပ်ငန်းစဉ်အများစု(ကာလလတ်အဆင့်အထိ)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီးတော့ ဥပဒေမူဝါဒပိုင်းဆိုင်ရာချမှတ်နိုင်ရေးအတွက် ဆိုက်ဘာလုံခြုံရေးဥပဒေ (မူကြမ်း)နှင့် e-Commerce ဥပဒေ(မူကြမ်း)ပြုစုနိုင်ရေးကိုလည်း e-Government ဦးဆောင်ကော်မတီ၏ လမ်းညွှန်ဖြေကြားမှုဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင် လက်ရှိအချိန်၌ e-Government စနစ်အား အတိုင်းအတာတစ်ခုအထိ ရောက်ရှိအောင် အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်ထားရှိနိုင်ပြီးတော့ လိုအပ်ချက်များကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ UN e-Government Development Index(EGDI) အရ ၂၀၁၆ ခုနှစ်၌ မြန်မာနိုင်ငံ၏အဆင့်(၁၆၉)တွင်ရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အဆင့်(၁၅၇)သို့ တိုးတက်ရောက်ရှိခဲ့ပါတယ်။ ထိုသို့ကြိုးစားဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကတော့ PPT လို့အတိုကောက်ခေါ်တဲ့ People, Process and Technology ဖြစ်ပါတယ်။ Technology လို့ခေါ်တဲ့ နည်းပညာကတော့ အဓိကစိန်ခေါ်မှုမဟုတ်ဘဲနဲ့ People ဖြစ်တဲ့ ဝန်ဆောင်မှုပေးသူဝန်ထမ်းများနှင့် ဝန်ဆောင်မှုရယူသူပြည်သူများရဲ့ ကျွမ်းကျင်မှု၊ လိုက်ပါနိုင်မှုနှင့် Process ဖြစ်တဲ့ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖွဲ့စည်းမှုပုံစံများက ပြောင်းလဲတိုးတက်နေသည့် နည်းပညာနှင့် ပေါင်းစပ်အသုံးပြုနိုင်ရန် အဓိကစိန်ခေါ်မှုဖြစ်ပါတယ်။

အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် e-Government ဦးဆောင်ကော်မတီ၊ e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီတို့မှ ပူးပေါင်းညှိနှိုင်းအဖြေရှာ ဆောင်ရွက်လျက်ရှိပါတယ်။

e-Government စနစ်သည် အစိုးရ၏ရုံးလုပ်ငန်းစဉ်များနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို သတင်းအချက်အလက်နည်းပညာအားအသုံးပြု၍ ပိုမိုထိရောက်အကျိုးရှိစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ခြင်းကြောင့် မည်သည့်အခါမျှ ပြီးဆုံးသည်ဟူ၍မရှိဘဲ နည်းပညာများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ပြောင်းလဲဖြစ်ပေါ်လာသည့် လိုအပ်ချက်များအတွက်ကိုလည်း အမြဲတမ်းဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပါသောကြောင့် e-Government ဦးဆောင်ကော်မတီ၏ ကြီးကြပ်လမ်းညွှန်မှုနှင့် မြန်မာနိုင်ငံတွင် e-Government စနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းတွင်းမြစ်ဝှမ်းဒေသရှိ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် အထက်ပိုင်းဆုံးအထိကို ဆက်သွယ်ထားသည့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမကြီးအား လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ နှစ်အလိုက် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းဝေ(ဖောင်းပြင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်နေတဲ့ သင်္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းနှင့်စပ်လျဉ်းပြီး မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ်တာဝန်ယူခဲ့တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး တစ်နိုင်ငံလုံးမှာ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အဦများ၊ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခဲ့ရာမှာ ယခင်က လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းတဲ့အတွက် လူမှုစီးပွားဖွံ့ဖြိုးမှုနောက်ကျကျန်နေခဲ့တဲ့ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းက ကျွန်တော်ရဲ့မဲဆန္ဒနယ်မြေဖြစ်တဲ့ ဖောင်းပြင်မြို့နယ်ဟာ သိသိသာသာတိုးတက်လာတာကို တွေ့ရပါတယ်ဆိုတဲ့အကြောင်း အနည်းငယ်တင်ပြလိုပါတယ်ခင်ဗျား။ ဖောင်းပြင်-ပင်လည်ဘူးလမ်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော်သမ္မတကြီးရဲ့သီးသန့်ရန်ပုံငွေကနေပြီးမှ ၅.၅၇၅ ဘီလီယံကျပ် ခွင့်ပြုပြီး လမ်းအဆင့်မြှင့်တင်ပေးခဲ့ခြင်းနှင့် တိုင်းဒေသကြီးရန်ပုံငွေမှ နှစ်စဉ်ခွင့်ပြုငွေများ သုံးစွဲပေးခဲ့တဲ့အတွက် ယခုဆိုရင် မန္တလေးမှ နံနက် ၄ နာရီခွဲထွက်တဲ့ VIP ခရီးသည်တင်ယာဉ်များဟာ ဖောင်းပြင်မြို့ကို ညနေ ၄ နာရီ၊ ၄ နာရီခွဲမှာ ရောက်ရှိလာနိုင်ပါတယ်။ ချင်းတွင်းမြစ်ကြောင်းလမ်းဘက်ကလည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ မော်လိုက်မြို့နယ်အတွင်း ရိုးလာရေလမ်းကောင်းမွန်ရေးအတွက် သဲစုပ် သောင်တူးလုပ်ငန်း ၁၉၅၂ ပေအတွက်နဲ့ ကွန်ကရစ်ရေကာလုပ်ငန်း ပေ ၈၀၀ အတွက် ငွေလုံးငွေရင်း ရန်ပုံငွေမှ ကျပ်သန်း ၁၅၀ ခွင့်ပြုပေးခဲ့တဲ့အတွက် မြစ်ကြောင်းလမ်းဘက်ကလည်း အဆင်ပြေချောမွေ့ သွားမယ်လို့ထင်ပါတယ်။ ချင်းတွင်းမြစ်နှင့်အပြိုင် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် အထက်ပိုင်းအဆုံးအထိကို ဆက်သွယ်ဖောက်လုပ်ထားတဲ့လမ်းမကြီးကတော့ သင်္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းမကြီးဖြစ်ပါတယ်။ အဆိုပါလမ်းမကြီးဟာ မိုင်ပေါင်း ၃၃၀ ရှည်လျား ပြီး National Highway(NH 48)လမ်းမကြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ၃၄ ပေအကျယ် အမာခံလမ်းအဆင့်ကို ဆောင်ရွက်ပေးခဲ့ခြင်းနှင့် လိုအပ်တဲ့ နေရာတွေအားလုံးမှာ သံကူကွန်ကရစ်တံတားများ

ဆောက်လုပ်ပေးခဲ့ခြင်းအတွက် လမ်းပန်း ဆက်သွယ်ရေးဟာ သိသာစွာ တိုးတက်ပြောင်းလဲလာခဲ့ပါတယ်။ ယခု ၂၀၁၉ ခုနှစ် မိုးရာသီမှာ ခရီးသည်တင်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်ငယ်များ အဆက်မပြတ်သွားလာနိုင်တာကို တွေ့ရပါတယ်။ ယခင်ကုန်စည်များကို ရေကြောင်းလမ်းတစ်ခုတည်းကသာ သယ်ယူပို့ဆောင်ကြရတဲ့ အတွက် မန္တလေးက ကုန်စည်ဟာ ဖောင်းပြင်ကို ရောက်သည်အထိ ၁၀ ရက်ပတ်ဝန်းကျင်ကြာမြင့်ပါ တယ်။ ယခုတော့ မန္တလေးက ကုန်စည်ဟာ ဖောင်းပြင်ကို နှစ်ရက်အတွင်းရောက်လာပါတယ်။ ကုန်လမ်း၊ ရေလမ်း နှစ်ဖက်စလုံးဖွံ့ဖြိုးလာတဲ့အတွက် ကုန်စည်ပို့ဆောင်တဲ့ ဝန်ဆောင်ခနှုန်းထားများ ကလည်း ညှိပေးလိုက်သလိုဖြစ်သွားပြီး ကုန်စည်ဈေးနှုန်းအပေါ် ကောင်းကျိုးသက်ရောက်မှုတွေ ရှိတယ်လို့ ကုန်သည်များထံမှ ကြားသိရပါတယ်။ ဒီအတွက် ပေါင်းစပ်ညှိနှိုင်းလို့ အဆင်ပြေတဲ့ဝန်ကြီးဌာနများအပါအဝင် အစိုးရသစ်ကို ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ယခု ကျွန်တော်တင်ပြမယ့် သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းမကြီးကို ယခင်လမ်းအဆင့်မြှင့်တင်နိုင်မယ်၊ ယခုထက်လမ်းအဆင့်မြှင့်တင်နိုင်မယ်ဆိုရင် ပိုပြီးအဆင်ပြေချောမွေ့သွားမှာ ဖြစ်ပါတယ်။ ဤလမ်းမကြီးရဲ့ခန့်မှန်းခြေစီမံကိန်းတန်ဖိုးဟာ ကျပ်သန်းပေါင်း ၂၈၅၂၈၅ ဘီလီယံဖြစ်ပြီး ၂၀၁၀–၂၀၁၁ ခုနှစ်ကတည်းက စတင်ခဲ့တယ်လို့ သိရှိရပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေက ၂၀၁၈–၂၀၁၉ ခုနှစ်အထိ ရရှိပြီးဘဏ္ဍာငွေဟာ ကျပ်သန်း ၁၀၀၀ ဖြစ်ပြီး ယခု ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်း ၁၅၂၀.၇ သုံးစွဲဖို့ ခွင့်ပြုထားပြီး ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျရမယ့်စီမံကိန်းတန်ဖိုးနဲ့ နှိုင်းယှဉ်လျှင် ဘဏ္ဍာရေးနှစ်တစ်နှစ်မှာ ခွင့်ပြုပေးတဲ့ ငွေပမာဏဟာ အလွန်နည်းနေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ စီမံကိန်းတန်ဖိုး ကျပ်သန်း ၂၈၅၀၀ သည် ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းစသဖြင့် မည်သည့်လမ်းအမျိုးအစားကို တည်ဆောက်ဖို့ ရည်ရွယ်ထားတာဖြစ်ပါသလဲ။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့မှ မည်မျှသုံးစွဲပြီးဖြစ်ပါသလဲ။ စီမံကိန်းတန်ဖိုးအားဖြင့် မည်မျှသုံးစွဲရန် ကျန်ရှိနေပါသေးသလဲ။ နှစ်အလိုက်မည်သို့တိုးတက်သုံးစွဲသွားရန်

အစီအစဉ်ရှိပါသလဲဆိုတာကို ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းဝေ မေးမြန်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ဝှမ်း ဒေသရှိ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် အထက်ပိုင်းဆုံးအထိကို ဆက်သွယ်ထားသည့် သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းမကြီးအား လမ်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ အစိုးရသစ်တာဝန်ယူသည့် ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေတို့မှ မည်မျှကျခံသုံးစွဲပြီးဖြစ်သည်။ စီမံကိန်းတန်ဖိုးအား ဘဏ္ဍာငွေမည်မျှသုံးစွဲရန် လိုအပ်နေသေးသည်နှင့် နှစ်အလိုက် မည်သို့စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သက္ကယ်ကျင်း–ဖောင်းပြင်–ဟုမ္မလင်း–ခန္တီးလမ်းသည် မိုင်တိုင်စုစုပေါင်း ၃၃၅ မိုင် ရှည်လျားပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လမ်းအခြေအနေကတော့ ကတ္တရာကွန်ကရစ်လမ်း ငါးဖာလုံ၊ ကွန်ကရစ်လမ်း ၂၇ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၁ မိုင် ၇ ဖာလုံ

နှင့် အမာခံလမ်း ၃၀၅ မိုင်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့တွင် လမ်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ၂၈ ဘီလီယံနှင့် တံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက် ရန်ပုံငွေ ၁၇.၅ ဘီလီယံတို့ဖြင့် လမ်းအရှည် ၁၈ မိုင်အား ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းအရှည် ၁၅၃ မိုင် ၂ ဖာလုံအား လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်စရစ်ရောမြေခင်းကြိတ်ခြင်း၊ တစ်ဖာလုံအား အမာခံလမ်းခင်းခြင်း၊ လမ်းအရှည် ၁၂ မိုင် ၆ ဖာလုံအား လျှောစောက်နှိမ့်ချခြင်း၊ အရှည် ၄၉၀၀ ပေရှိ ကွန်ကရစ်/ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ အရှည်ပေ ၃၆၀၀ ကျော်ရှိ ကွန်ကရစ် ရေမြောင်းတည်ဆောက်ခြင်းနှင့် အရှည်ပေ ၁၈၀ အထက် ကွန်ကရစ်တံတား ၁၁ စင်း တည်ဆောက်ခြင်း၊ ပေ ၁၈၀ အောက် ကွန်ကရစ်တံတား ၃၂၆ စင်းတည်ဆောက်ခြင်း၊ အရှည် ၁၈၀ ပေအောက် သစ်သားတံတား၊ ဘေလီတံတားတစ်စင်း တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အဆိုပါလမ်း၏ လမ်းအရှည် ၅ မိုင် ၃ ဖာလုံအား ကွန်ကရစ်လမ်းခင်းခြင်း၊ လမ်းအရှည် ၃၇ မိုင် ၅ ဖာလုံအား လျှောစောက်နှိမ့်ချခြင်း၊ လမ်းတာပေါင်တင်ချဲ့ခြင်းနှင့် အမာခံလမ်းခင်းခြင်း၊ လမ်းအရှည် နှစ်ဖာလုံကို ကျောက်တောင်မိုင်းခွဲခြင်း၊ အရှည် ၂၈၇၀ ပေ ကွန်ကရစ်/ ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ အရှည်ပေ ၄၃၀၀ ကျော် ကွန်ကရစ်ရေမြောင်း တည်ဆောက်ရန်နှင့် အရှည် ၁၈၀ ပေ ကွန်ကရစ်တံတားရှစ်စင်း တည်ဆောက်ရန်၊ Box Culvert ၃၇ စင်း တည်ဆောက်ရန်၊ တံတားငါးစင်းအား ကြမ်းခင်းလဲလှယ်ခြင်းနှင့် တံတားခြောက်စင်းအား တံတားပေါ် ကတ္တရာခင်းခြင်းတို့ ဆောင်ရွက်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှာ ရန်ပုံငွေ ၅၉၃၃.၇၉၁ သန်းလျာထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ၃၃၅ မိုင်ရှည်လျားတဲ့ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းအား အကျယ် ၁၈ ပေ ကွန်ကရစ်လမ်းအဆင့်နှင့် တံတားအားလုံးအား နှစ်လမ်းသွားကွန်ကရစ်တံတား အဆင့်ရောက်ရှိရေးနှင့် Road

Structure အားလုံးဆောင်ရွက်ဖို့အတွက်ကို ရန်ပုံငွေ ဘီလီယ၂၀၀ ကျော် ထပ်မံလိုအပ်ဦးမှာ ဖြစ်တဲ့ အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော သနပ်ပင်-ကျွဲတဲလမ်းပေါ်ရှိ အမှတ်(၁၂)၊ (၁၀၀ x ၁၂)ပေ သံပေါင်သစ်သားခင်းတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါခင်ဗျ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာကတော့ သနပ်ပင်-ကျွဲတဲလမ်းပေါ်မှာရှိတဲ့ သဘာဝ ဘေးဒဏ်ကြောင့်ပျက်စီးသွားတဲ့ အမှတ်(၁၂) သံပေါင်သစ်သားတံတားကို သံကူကွန်ကရစ်တံတား အဖြစ် ပြန်လည်တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းလိုတာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သနပ်ပင်-ကျွဲတဲလမ်းဟာ သနပ်ပင်မြို့နယ် ရဲ့ ဗဟိုအချက်အချာမှာတည်ရှိပြီးတော့ ကျေးရွာပေါင်း ၄၀ ကျော်ကို ဆက်သွယ်သွားလာရတဲ့ အေအဆင့်လမ်းဖြစ်ပါတယ်။ ယင်းလမ်းပေါ်က ဉာဏ်ကျွန်းနဲ့သံကြိုးဝိုင်းကျေးရွာအနီးမှာရှိတဲ့ တံတားအမှတ် (၁၂)၊ (၁၀၀ x ၁၂)ပေ သံပေါင်သစ်သားခင်းတံတားဟာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့က မိုးအဆက်မပြတ်ရွာသွန်းပြီးတော့ ရေကြီးရေလျှံတာကြောင့် ရေတိုက်စားပြီး ကျိုးကျ ပျက်စီးသွားခဲ့ရပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ တံတားနှင့်လမ်းတွေကိုပြတဲ့ မြေပုံဖြစ်ပါတယ်။ ဒါကတော့ ပျက်စီးနေတဲ့ တံတားကိုသွားကြည့်ခဲ့တာဖြစ်ပါတယ်။ ဒါကတော့

သက်ဆိုင်ရာ အင်ဂျင်နီယာတွေက လာကြည့်နေတဲ့ပုံဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယ ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းတံတားပျက်စီးသွားတာကြောင့် သနပ်ပင်-ကျွဲတဲလမ်းတစ်လျှောက်မှာ ဆက်သွယ်ထားတဲ့ ကျေးရွာပေါင်း ၄၀ ကျော်အတွက် အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ ဆရာဆရာမများ၊ ကျောင်းသူကျောင်းသားများအတွက် သွားလာရတာခက်ခဲသွားရသလို ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သူများအတွက် ကျန်းမာရေးမကောင်းတဲ့သက်ကြီးရွယ်အိုများ၊ မီးဖွားရန်ခက်ခဲတဲ့ အရေးပေါ်လူနာများအတွက် အလွန်ပဲစိုးရိမ်စရာဖြစ်ပါတယ်။ ဒါ့အပြင် ဒေသအတွက် မြို့ကဝယ်ရတဲ့ပစ္စည်းတေွက ဈေးကြီးသွားပြီးတော့ ဒေသထွက်ကုန်တွေကတော့ အလွန်ပဲဈေးနည်းစွာနိမ့်ကျစွာ ရောင်းချရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးမကောင်းတာ၊ ပြတ်တောက်သွားတာကြောင့် မြို့နှင့် ကျေးရွာများအတွက် ဆက်သွယ်ရေးခက်ခဲသွားပြီးတော့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက်ပါ များစွာထိခိုက်နစ်နာနေရတဲ့အတွက် ယင်းသဘာဝ ဘေးဒဏ်ကြောင့် ပျက်စီးသွားတဲ့ သနပ်ပင်-ကျွဲတဲလမ်းပေါ်ရှိတံတားအမှတ်-၁၂ အား အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနိုင်ပါရန် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမေးမြန်းထားတဲ့ သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး သွားသော သနပ်ပင်-ကျွဲတဲလမ်းပေါ်ရှိ အမှတ်(၁၂)၊ ၁၀၀ ပေ သံပေါင်သစ်သားခင်းတံတားအား

သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းအား ဖြေကြားသွားမှုဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်ရှိ သနပ်ပင်-ကျွဲတဲလမ်းပေါ်ရှိ သစ်သားတံတားသည် ၂၀၁၂ ခုနှစ်က ဒေသကနေတည်ဆောက်ခဲ့ပြီးတော့ ယာဉ်သွားလမ်းအကျယ် ၁၂ ပေရှိတဲ့ သစ်သားတံတားဖြစ်ပါတယ်။ ၁၄-၈-၂၀၁၉ ရက်နေ့မှာ သဘာဝဘေးအန္တရာယ်ကြောင့် ရေလည်တိုင်နိမ့်ကျပြီးတော့ တံတားကျိုးကျပျက်စီးမှုနှင့် ချဉ်းကပ်လမ်းပြတ်ထွက်မှု၊ ပျက်စီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဆိုပါ သစ်သားတံတားအား လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေဖို့အတွက်တံတားကို သစ်သားတံတားအတိုင်း ပြန်လည်ပြင်ဆင်သိမ်းဆည်းခြင်းလုပ်ငန်းတွေကိုတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ချက်ချင်းတည်ဆောက်ပေးသွားမှာဖြစ်ပြီးတော့ ၎င်းကိုကွန်ကရစ်အဖြစ် ပြောင်းလဲဖို့ကိုတော့ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားတင်ပြပြီး အကောင်အထည်ဖော်တည်ဆောက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**မက်မန်းမြို့နယ်ရှိ ရောင်ခွန်-ရောင်လိုင်း-ရောင်ကပ် ရောင်အူ(ဝ)ကျေးရွာချင်းဆက်မြေသားလမ်း (၁၇/၄)မိုင်အနက် ဖောက်လုပ်ရန်ကျန်ရှိသည့် (၅/၄)မိုင်အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မက်မန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ်ဟာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)

မှာ ပါဝင်ပြီးတော့ အစွန်အဖျားမှာတည်ရှိပါတယ်။ အကျယ်အဝန်းအနေနဲ့ စတုရန်းမိုင်ပေါင်း ၁၁၆၈.၂၃ မိုင်၊ ဧရိယာကေအနေနဲ့ ၇၄၇၆၆၆ ကျယ်ဝန်းပါတယ်။ မြေပြန့်လွင်ပြင် နည်းပါးပြီးတော့ တောင်ထူထပ်တဲ့မြို့နယ်ဖြစ်တဲ့အတွက် သွားလာရေးခက်ခဲတဲ့ဒေသလည်း ဖြစ်ပါတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၅၁၈၀ ပေမှာတည်ရှိတဲ့မြို့လည်းဖြစ်ပါတယ်။ မက်မန်း မြို့နယ်မှာ ဝ၊ လွယ်လှ၊ လားဟူရှမ်းတိုင်းရင်းသားများအများစုနေထိုင်ကြပြီး တောနဲ့တောင်များထူထပ်တဲ့အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် တစ်နေရာနှင့်တစ်နေရာသွားလာရာမှာ ခက်ခဲမှုများရှိတဲ့ အတွက် ဒေသခံတိုင်းရင်းသားများရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတို့အပြင် အစစအရာရာဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေတဲ့မြို့နယ်လည်း ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး အနေဖြင့် မိုင်းပျဉ်း-မက်မန်းလမ်းမကြီးမှလွဲ၍ ကျန်ကျေးရွာချင်းဆက်လမ်းများအနေနဲ့ကတော့ အများအားဖြင့် မြေသားလမ်းနှင့် လူသွားလမ်းအဆင့်တွေပဲ ဖြစ်တာကို တင်ပြလိုပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ရပ်နားချိန်တွေမှာ ရွေးကောက်ခံနယ်မြေကို သွားရောက်ခဲ့စဉ် ဒေသခံမြို့မိမြို့ဖ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံတိုင်းရင်းသား ပြည်သူလူထုတွေရဲ့ လိုအပ်ချက်များကို မေးမြန်းခဲ့ရာမှာ ကျေးရွာချင်းဆက် မြေသားလမ်း၊ ကျောက်ခင်းလမ်းများကိုသာ အဓိကထားဆောင်ရွက်ပေးဖို့ တောင်းဆိုလာတာကိုလည်း တင်ပြလိုပါ တယ်။ ကျွန်တော့်မေးခွန်းမှာ ကျေးရွာချင်းဆက် မြေသားလမ်း ၁၇ မိုင် ၄ ဖာလုံအနက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ၁၀ မိုင်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ နှစ်မိုင်ဖောက်လုပ်ဆောင်ရွက်ခဲ့ပြီး ဖြစ်တာကိုလည်း တင်ပြလိုပါ တယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖောက်လုပ်ပြီးမြေသားလမ်း ၁၂ မိုင်နှင့် ဖောက်လုပ်ရန်ကျန် မြေသားလမ်း ၅ မိုင် ၄ ဖာလုံနှင့်ပတ်သက်ပြီးတော့ တင်ပြရန်အတွက် Power Point သုံးစွဲခွင့်ပြုပါ ခင်ဗျား။ ခွင့်ပြုခဲ့ပြီးတဲ့ ၁၂ မိုင်ကို ကုမ္ပဏီတစ်ခုက ရောင်ခွန်-ရောင်လိုင်း ခုနစ်မိုင်ဖောက်လုပ်ခဲ့သလို နောက်ကုမ္ပဏီတစ်ခုကလည်း ရောင်အူ-ရောင်ကပ်ဆိုပြီးတော့ ငါးမိုင်ဖောက်လုပ်ခဲ့ပါတယ်။

တစ်ဆက်တည်းမဖောက်လုပ်ဘဲ ဟိုဘက်ထိပ်ဒီဘက်ထိပ်ဖောက်လုပ်ခဲ့တဲ့အတွက် ရောင်လိုင်း–ရောက်ကပ်ရွာနှစ်ရွာအလယ်မှာလွတ်နေပြီးတော့ တစ်ဆက်တည်းမဖြစ်သေးတဲ့မြေသားလမ်းကို တင်ပြတောင်းခံခြင်းပဲ ဖြစ်ပါတယ်။ ဆက်လက်ဖောက်လုပ်ရန်ကျန်ရှိတဲ့ ကျေးရွာချင်းဆက် မြေသားလမ်း ၅ မိုင် ၄ ဖာလုံဖောက်လုပ်ပြီးပါက ဆွတ်ဝိုးကျေးရွာအုပ်စုမှာရှိတဲ့ ရောင်ခွန်–ရောင်လိုင်း–ရောင်ကပ်ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူလူထုအားလုံး ရောင်ဝကျေးရွာမှာ ရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနကို အချိန်တိုအတွင်း သွားလာနိုင်မှာဖြစ်သလို မိုင်းပျဉ်းမြို့ကိုလည်း အချိန်တိုအတွင်းသွားလာနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးလက်နေဒေသခံတိုင်းရင်းသားပြည်သူ လူထုများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် များစွာအထောက်အကူပြုမှာဖြစ်တဲ့အတွက် ရောင်ခွန်–ရောင်လိုင်း–ရောင်ကပ်–ရောင်အူ(ဝ)ကျေးရွာချင်းဆက် မြေသားလမ်း ၁၇ မိုင် ၄ ဖာလုံ အနက် ဖောက်လုပ်ရန်ကျန်ရှိတဲ့ ၅ မိုင် ၄ ဖာလုံအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့မေးခွန်းအား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ရှမ်းပြည်နယ်၊ မက်မန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးမေးမြန်းထားတဲ့ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့သည့် ရောင်ခွန်–ရောင်လိုင်း–ရောင်ကပ်–ရောင်အူ(ဝ)ကျေးရွာချင်းဆက်မြေသားလမ်း ၁၇ မိုင် ၄ ဖာလုံရှိတဲ့အနက် ဖောက်လုပ်ရန် ကျန်ရှိနေသည့် ၅ မိုင် ၄ ဖာလုံအား ဖောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်

ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်အတွင်းရှိ ရောင်ခွန်-ရောင်လိုင်း-ရောင်ကပ်-ရောင်အူ(ဝ)ကျေးရွာချင်းဆက် မြေသား လမ်းအရှည်သည် ၁၇ မိုင် ၄ ဖာလုံရှိပြီးတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ လက်ရှိအခြေအနေကတော့ ၁၇ မိုင် ၄ ဖာလုံ အနက် ၁၂ မိုင် ၄ ဖာလုံသည် မြေသားလမ်းဖောက်လုပ်ခဲ့ပြီးဖြစ်တဲ့အတွက် ၅ မိုင် ၄ ဖာလုံ မြေသား လမ်းဖောက်လုပ်ဖို့ ကျန်ပါတယ်။ အဆိုပါ ၅ မိုင် ၄ ဖာလုံကျန်တဲ့အထဲက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်မှာ ၁ မိုင် ၄ ဖာလုံ မြေသားလမ်းဖောက်လုပ်ဖို့ ရန်ပုံငွေရရှိပြီးဖြစ်တဲ့အတွက် ၁ မိုင် ၄ ဖာလုံ ဖောက်လုပ်ပေးမှာဖြစ်ပါတယ်။ ကျန်နေတဲ့ လေးမိုင်ကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**မြစ်သားမြို့နယ်အတွင်းရှိ အရေးပါလှသော Class(A)အဆင့်ရှိ လမ်းဖြစ်သည့် ခရုတုပ်-လက်ပံပင်-ကျားမြီးဆွဲ-ကလုံလမ်းကို လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလင်းလင်းကျော်(မြစ်သားမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မြစ်သားမဲဆန္ဒနယ်က ဒေါက်တာလင်းလင်းကျော်ပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ မြစ်သားမြို့မှာ အရေးပါတဲ့ Class(A)အဆင့်ရှိတဲ့ ခရုတုပ်-လက်ပံပင်-ကျားမြီးဆွဲ-ကလုံလမ်းကို လမ်းအဆင့်တိုးမြှင့်ပေးရန်

အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပါလမ်းဟာ ကင်းတားတမံသို့သွားရာလမ်းနဲ့ ခရိုင်ချင်းဆက်လမ်းအမှတ်(၂)ကို ဆက်သွယ်ထားတဲ့ ၁ မိုင် ၄ ဖာလုံအရှည်ရှိတဲ့ Class(A) အမျိုးအစားဝင်လမ်းဖြစ်ပါတယ်။ ယခု မေးခွန်းပါလမ်းဟာ မြစ်သားမြို့ရဲ့ အင်မတန် အဓိကကျတဲ့လမ်းနှစ်ခုကို ဆက်သွယ်ပေးထားသော အရေးပါသောလမ်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းကို အဆင့်မြှင့်တင်ပေးမည်ဆိုပါက ယခုမေးခွန်းပါ ခရုတုပ်-လက်ပံပင်-ကျားမြီးဆွဲ-ကလုံရွာများသာမက အခြားနီးစပ်တဲ့ ဆက်စပ်ရွာများရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး အစရှိသည်တို့ တိုးတက်မြင့်မားလာမည်ဖြစ်ပါသဖြင့် အဆိုပါလမ်းအား အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ကျေးရွာနေပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလင်းလင်းကျော် မေးမြန်းထားတဲ့ မြစ်သားမြို့နယ်အတွင်းရှိ အရေးပါလှသော Class(A) အဆင့်ရှိလမ်းဖြစ်သည့် ခရုတုပ်-လက်ပံပင်-ကျားမြီးဆွဲ-ကလုံလမ်းကို လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ ရှိပါက အစောဆုံး မည်သည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်နည်းနှင့် မရှိပါက အဘယ်ကြောင့်နည်းဆိုသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် အတွင်းရှိ ခရုတုပ်-လက်ပံပင်-ကျားမြီးဆွဲ-ကလုံလမ်း လမ်းအရှည်က စုစုပေါင်း ၂ မိုင် ၄ ဖာလုံပဲ ရှိပါတယ်။ လမ်းဟာ သိပ်အရှည်ကြီးမဟုတ်ပါဘူးခင်ဗျား။ ဤလမ်းသည် ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါ ၂ မိုင် ၄ ဖာလုံ အနက် တစ်မိုင်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ဂဝံလမ်းအဖြစ်နဲ့ ခင်းခဲ့ပြီးဖြစ်တဲ့အတွက် ၁ မိုင် ၄ ဖာလုံ ကျန်နေပါတယ်။ အဲဒီအခက်အခဲက ၁ မိုင် ၄ ဖာလုံက လမ်းကျတဲ့အခါကျတော့ အဆင့်(A)ဆိုပြီး သတ်မှတ်ထားပြီးတော့ အဆင့်(A)ဆိုရင် လမ်းပုခုံးလုပ်ဖို့၊ ရေမြောင်းလုပ်ဖို့အတွက် လမ်းနယ်ဆိုတာ လိုအပ်ပါတယ်ခင်ဗျား။ သို့သော်လည်းပဲ အဲဒီမှာက ဒေသခံတွေက လမ်းနယ် မပေးတဲ့အတွက် လမ်းနယ်မရှိတဲ့ လှည်းလမ်းအဆင့်ပဲရောက်နေတဲ့အတွက် အရင်ဆုံးက Class(A)အဆင့် လမ်းနယ် ပေ ၁၀၀ မဟုတ်တော့ဘဲနဲ့ Class(A)ကို ပေ ၆၀ အထိ လျှော့ချထားတဲ့ အတွက် ပေ ၆၀ လမ်းနယ်ရရှိရေးအတွက်ကို အရင်ဦးဆုံး ညှိနှိုင်းပေးဖို့ လိုအပ်ပါတယ်ခင်ဗျား။ ညှိနှိုင်းပေးမှပဲ ဒီဟာကို မြေသားလမ်းအဆင့်မြှင့်ပါမယ်။ နောက်ပြီးရင် ကျောက်လမ်း၊ ကတ္တရာလမ်း Class(A)ဆိုရင် တစ်ချိန်မှာ ကတ္တရာလမ်း သို့မဟုတ်ရင် ကွန်ကရစ်လမ်းဖြစ်သွားဖို့ ရှိပါတယ်။ အဲဒီအခါကျလို့ရှိရင် လမ်းမပျက်စီးဖို့အတွက် ရေမြောင်းဆိုတာ လိုအပ်လာတဲ့အတွက်၊ လမ်းနယ် လိုအပ်တဲ့အတွက် အဆိုပါလယ်ပိုင်ရှင်တွေ၊ မြေပိုင်ရှင်တွေကနေပြီးတော့ ဒီမြေနေရာကို စွန့်လွှတ်ဖို့ အတွက်ကို လွှတ်တော်ကိုယ်စားလှယ်များကရော၊ ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများကရော၊ ပြည်သူတွေကပါ အားလုံးဝိုင်းဝန်းပြီးတော့ ညှိနှိုင်းပေးဖို့ လိုအပ်ပါတယ်။ အဲဒီလို ညှိနှိုင်းပေးမယ် ဆိုရင်တော့ ကျန်နေသေးတဲ့ တစ်မိုင်ကျော်လေးကို လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ရန်ပုံငွေမှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

**ဒိုက်ဦးမြို့နယ်၊ ဗျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာကြားရှိ ဘောနီချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘုန်းမြင့်အောင်(ဒိုက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ ဒိုက်ဦးမြို့နယ်၊ ဗျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာကြားရှိ ဘောနီချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးဟာ အဓိကအရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဟာ အလွန်အရေးကြီးလှပါတယ်။ လမ်းပန်းဆက်သွယ်ရေးလို့ ပြောတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ တံတားများဟာ အရေးပါလာရစမြဲဖြစ်ပါတယ်။ ထို့အတူပဲ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာငယ်မှအစ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင်လည်း လမ်း/တံတားကောင်းဖို့ အများကြီး လိုအပ်လှပါတယ်။ ဒါကြောင့် လက်ရှိ ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ လမ်း/တံတားများကို စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေတာကိုလည်း တွေ့မြင်နေရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၅၃ အုပ်စုနှင့် ဖွဲ့စည်းပြီး ကျေးရွာပေါင်း ၁၈၂ ရွာဖြင့် တည်ဆောက်ခဲ့ပါတယ်။ မြို့နယ်ရဲ့ဧရိယာအကျယ်အဝန်း ဟာ ၄၉၇.၀၃ စတုရန်းမိုင်ရှိပြီး တောင်နဲ့မြောက် ၂၅ မိုင်ခန့်ကွာဝေးပြီး အရှေ့၊ အနောက် မိုင် ၃၀ ခန့် ကွာဝေးပါတယ်။ ကျွန်တော်မေးမြန်းတဲ့ ဘောနီချောင်းကူးတံတားဟာ ဒိုက်ဦးမြို့ရဲ့တောင်ဘက် ၁၄ မိုင်ခန့်အကွာအဝေးမှာ ရှိပါတယ်။ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ရဲ့ တာဝန်ဖြစ်သော လွှတ်တော်အစည်းအဝေးနားချိန်ကာလမှာ မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံပြီး လွှတ်တော် အတွေ့အကြုံရှင်းလင်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကိုဆောင်ရွက်တဲ့အခါ ဒီတံတားကြီးကို ပြန်လည်ဆောက်လုပ်ပေးနိုင်ရန် တင်ပြကြပါတယ်။ နေ့စဉ်နှင့်အမျှသွားလာနေရသော လူမှုရေး ကိစ္စ၊ စီးပွားရေးကိစ္စ၊ ကျန်းမာရေးကိစ္စနှင့် ပညာရေးကိစ္စဖြစ်တဲ့ ကျောင်းသားကျောင်းသူများကို ဒီတံတားကြီးက နှောင့်နှေးကြန့်ကြာစေခဲ့ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒိုက်ဦးမြို့နယ်၊ ဖျိုင်းချယ်ကျေးရွာအုပ်စု၊ ဖျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာကို ဘောနီချောင်းကြီးက ပိုင်းခြားထားပါတယ်။ လက်ရှိမှာ ထိုဘောနီချောင်း ကို သစ်သားတံတားဖြင့် ဆိုင်ကယ်၊ စက်ဘီး၊ လူသွားရန်အတွက် အရှည် ၁၂၀ ပေ၊ အကျယ် ၄ ပေ၊ အမြင့် ၁၃ ပေဖြင့် ကျေးရွာများမှ ကိုယ်ထူကိုယ်ထတည်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း ၁၂ နှစ်ရှိပါပြီ။ ယခုဆိုရင် တံတားမှာ ကြံ့ခိုင်မှုမရှိတော့ဘဲ သစ်သားများလည်းပြုတ်ထွက်လို့ ဆွေးမြည့်သွားပါပြီ။ အသစ်တွေဘယ်လောက်ကောင်းကောင်း အဟောင်းကိုတော့ တလည်လည်ပါဆိုတဲ့ ဆိုရိုးစကား ရှိပေမယ့် အဲဒီဆိုရိုးစကားပုံထဲမှာ ဒီဘောနီချောင်းကူးတံတားကြီးအတွက်တော့ မပါစေချင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ တံတားဟောင်း၊ တံတားအိုဆိုတာ ကြံ့ခိုင်မှုအားနည်းလာလို့ဖြစ်ပြီး ကျဉ်းမြောင်းတဲ့အတွက်ကြောင့် သွားလာမှုခက်ခဲပြီး ခရီးလမ်းကိုကြန့်ကြာစေခဲ့ပါတယ်။ အဲဒီ ကျေးရွာမှာရှိတဲ့ပြည်သူတွေဟာ စိုက်ပျိုးရေးကိုအဓိကထား လုပ်ကိုင်သောကြောင့် ချောင်းမြောင်း များလည်း ပေါများလှသလို ကုန်ထုတ်စွမ်းအားလည်း များလှပါတယ်။ ကုန်ထုတ်လမ်းသာရှိပြီး

တံတားမရှိသောကြောင့် ကုန်စည်စီးဆင်းမှုကို နှောင့်နှေးကြန့်ကြာစေပါတယ်။ ထိုကျေးရွာများမှာ လူနေမှုအဆင့်အတန်းမြင့်မားလာပြီး လူနေအိမ်ခြေများပြားလာတဲ့အတွက် ဒီတံတားကြီးမရှိမဖြစ် လိုအပ်လှပါတယ်။ ဗျိုင်းချယ်ကျေးရွာမှာ အိမ်ခြေ ၃၀၀ ကျော် အိမ်ထောင်စုပေါင်း ၃၂၀ နှင့် လူဦးရေ ၁၂၀၀ ကျော်နေထိုင်ပြီး တစ်ဖက်ကမ်းကျေးရွာဖြစ်တဲ့ ကညင်တပင်ကျေးရွာဟာ အိမ်ခြေ ၂၅၀၊ အိမ်ထောင်စု ၂၆၀ နှင့် လူဦးရေ ၁၀၀၀ ကျော်နေထိုင်လျက်ရှိပါတယ်။ ထို့အပြင် ကဒုတ်ဘုရားကြီး ကျေးရွာ၊ ကဒုတ်ရွာမကျေးရွာ၊ တမံကြီးကျေးရွာ၊ ပျဉ်ထောင်တွင်းကျေးရွာ၊ ဘောနီကျေးရွာနှင့် ကုတ်ကိုင်းကျေးရွာများမှာလည်း ထိုကျေးရွာနှင့်တစ်ဆက်တစ်စပ်တည်းရှိသောကြောင့် ဒီတံတား ကြီးဟာ ဒေသတစ်ခုလုံးအတွက် အကျိုးပြုအသုံးချနိုင်မှာဖြစ်ပါတယ်။ ထိုတံတားကြီးကို အရှည် ၁၂၀ ပေ၊ အနံ ၁၄ ပေ၊ အမြင့် ၁၃ ပေရှိတဲ့ သံကူကွန်ကရစ်ကုန်ထုတ်တံတားအဖြစ် တည်ဆောက် ပေးမည်ဆိုပါက ထိုဒေသတစ်ခုလုံးမှာရှိတဲ့ လူဦးရေ ၁၀၀၀၀ ကျော် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာ မည်ဖြစ်သောကြောင့် မဲဆန္ဒရှင်ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်မေးမြန်းထားတဲ့ ဒိုက်ဦးမြို့နယ်၊ ဗျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာကြားရှိ ဘောနီချောင်းကူးတံတားအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်အတွင်းရှိ ဗျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာအကြားမှာ ဘောနီချောင်းကူးတံတားရှိပါတယ်။ အဆိုပါ ဗျိုင်းချယ်ကျေးရွာနှင့် ကညင်တပင်ကျေးရွာဆက်တဲ့ အဆိုပါလမ်းက ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ကျေးလက်လမ်းစာရင်းမှာ ပါဝင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ပထမဦးဆုံးအနေနဲ့ ဆောင်ရွက်ရမယ့်ကိစ္စကတော့ ကိုယ်စားလှယ်တော်ကြီးကနေ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို စာရေးရပါမယ်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ အဆိုပါလမ်းကို ဒေသဖွံ့ဖြိုးရေး လမ်းအဖြစ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် သိမ်းသွင်းပေးဖို့အတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးကို စာနဲ့တင်ပြတောင်းခံပြီးတော့ တရားဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ခွင့်ပြုချက်ရရင် လမ်းစာရင်း Gazette ပြီးသွားရင် ရန်ပုံငွေများတင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာ နိုင်ပါပြီ။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ လူမွဲ ခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာတဲ့ မြန်မာနိုင်ငံ

လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့(၈-၅-၂၀၁၉ ရက်နေ့)တွင် လွှတ်တော်က လက်ခံရရှိကြောင်း အသိပေးခြင်းနှင့်အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ကို ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၀-၅-၂၀၁၉ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ လွှတ်တော် ကိုယ်စားလှယ်ငါးဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်တို့က ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာတွင် ဥပဒေကြမ်းရဲ့ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အနက် သဘောတူသင့်သည့်အချက်များကို အတည် ပြုခြင်းများ ဆောင်ရွက်သွား မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲငယ်(ဃ)အရ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက်(၆၁)ချက်ကို ဥပဒေကြမ်းကော်မတီက တင်ပြဖို့ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးနှင့် ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန်အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့လာတဲ့ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့်အတည်ပြုပြီး ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးရန် ပေးပို့လာခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ အဲဒီဥပဒေကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ဖြစ်တဲ့ ၈-၅-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကိုလည်း ၁၀-၅-၂၀၁၉ ရက်(သောကြာနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးဖြစ်တဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး၊ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်နှင့် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦးတို့ကနေပြီးတော့ ဆွေးနွေးရန်နှင့်ပြင်ဆင်ရန်အဆိုများကို တင်သွင်းလာခဲ့ကြခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက ၁၇-၉-၂၀၁၉ ရက်(အင်္ဂါနေ့)မှာ ဆွေးနွေးရန်နှင့်ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့

လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ အဲဒီ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်များအနက်မှ အချက်ပေါင်း(၆၁)ချက်ကို သဘောတူလက်ခံခဲ့ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုခဲ့တဲ့အချက်ပေါင်း (၆၁)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်ကြည်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်းကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားသူကြီး ဦးခင်မောင်ကြည် ဖြစ်ပါတယ်။ ကျွန်တော်တို့ တရားလွှတ်တော်ချုပ်က ဥပဒေကြမ်းရေးဆွဲပြီးပေးပို့ပြီးတဲ့နောက် အမျိုးသားလွှတ်တော်ကနေပြီးတော့မှ ပြင်ဆင်ချက်နဲ့ တစ်ခါ ပြည်သူ့လွှတ်တော်ကိုပေးပို့လာတဲ့အပေါ်မှာ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့အပေါ်မှာလည်း ကျွန်တော်တို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကန့်ကွက်ရန်မရှိ သဘောတူညီပါကြောင်း လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံလူမွဲခံယူခြင်း ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၆၁)ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက

သဘောတူထားတဲ့ (၆၁)ချက်ကို အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြုရန် လွှတ်တော်က သဘော တူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူများ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၆၁)ချက်ကို အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်းအတည်ပြုကြောင်း ကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်ပြင်ဆင်ချက်(၇၃၇)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ညှိနှိုင်းအစည်း အဝေး၏ သဘောတူဆုံးဖြတ်ချက်အရ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အများအတိုင်း သဘော မတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အချက်(၇၃၇)ချက်ကို ပြင်ဆင်ခဲ့ပါတယ်။ ပြင်ဆင်ရန်တင်ပြတဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသား လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ

က ပြင်ဆင်ထားသည့်အချက် (၇၃၇)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးခင်မောင်ကြည်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အပေါ်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကန့်ကွက်ရန်မရှိကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ ပြင်ဆင်ချက် (၇၃၇)ချက်ကိုအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၇၃၇)ချက်သည် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ လူမွဲခံယူခြင်း

ဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားတဲ့အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီက အစီရင်ခံစာတင်ပြဖို့ဖြစ်ပါတယ်။ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးကျော်ဌေး(အဖွဲ့ဝင်၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေးဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ အဖွဲ့ဝင်လည်းဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့တင်သွင်းမည့် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီရဲ့ လုပ်ငန်း

ဆောင်ရွက်ပြီးစီးမှု နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီ၏တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကော်မတီ၏အစီရင်ခံစာအသေးစိတ်ကို လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် အရေးကြီးတဲ့အချက်များကိုသာ အကျဉ်းချုံးတင်ပြသွားမှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇ နည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှာ ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၆၆/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦး၊ လေ့လာသူ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးစုစုပေါင်း ၁၇ ဦးနှင့်ဖွဲ့စည်းထားပြီး ဥက္ကဋ္ဌအဖြစ် ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)နှင့် အတွင်းရေးမှူးအဖြစ် ဦးလှသန်း(ကဝမဲဆန္ဒနယ်)တို့ကဦးဆောင်လျက် ကော်မတီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါတယ်။ အစီရင်ခံသည့်ကာလဖြစ်တဲ့ ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ ကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၅)ကြိမ်တိတိ ပြုလုပ်ခဲ့ပါတယ်။ ကော်မတီသို့တိုင်ကြားစာ ၅၆၁ စောင်ရှိပြီး ယခင်နှစ်လက်ကျန် ၁၆၉ စောင်ဖြစ်တဲ့အတွက် စုစုပေါင်းတိုင်ကြားစာမှာ ၇၃၀ စောင်ဖြစ်ပါတယ်။ ကော်မတီအနေဖြင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ သုံးစောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ၁၂ စောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ငါးစောင်၊ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ၁၉ စောင်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ ၁၇ စောင်၊ တိုင်းဒေသကြီး/တရားလွှတ်တော်ချုပ်ရုံးသို့ ၁၆ စောင်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ နှစ်စောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ၁၀ စောင်၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ တစ်စောင်၊ သက်ဆိုင်ရာ လွှတ်တော်ကော်မတီများသို့ ၄၂ စောင် စုစုပေါင်း ၁၂၇ စောင်ကို ဥပဒေနှင့်အညီ

ဆောင်ရွက်ထားရှိမှုရှိ/မရှိ စိစစ်ပေးရန်ပေးပို့ခဲ့ပြီး ကော်မတီသို့ လိပ်မူမှားယွင်းပေးပို့ခြင်း၊ အချက်အလက်ပြည့်စုံမှုမရှိခြင်း၊ တိုင်ကြားသူများမှ လက်မှတ်ရေးထိုးထားမှု မရှိခြင်း၊ တိုင်ကြားသည့်အချိန်မှာ ဥပဒေအရ ကာလစည်းကမ်းသတ်ကျော်လွန်နေခြင်းနှင့် လိုအပ်သော အထောက်အထားများမပါရှိခြင်းတို့ကြောင့် မှတ်တမ်းအဖြစ်ထားရှိသည့် တိုင်ကြားစာစုစုပေါင်း ၅၁၅ စောင် ဖြစ်ပါတယ်။

ကော်မတီတွင် လက်ရှိဆောင်ရွက်နေသော တိုင်ကြားစာများမှာ ၈၈ စောင်ဖြစ်ပါတယ်။ မိမိတို့ကော်မတီအနေဖြင့် တိုင်ကြားစာတစ်ခုချင်းအပေါ် အလေးအနက်ထားပြီးတော့ တိုင်ကြားသူများ၏ နစ်နာမှုနှင့်ဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်ရန် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ တိုင်ကြားစာများနှင့်ပတ်သက်ပြီး အချို့သောတွေ့ရှိချက်များနှင့် သုံးသပ်ချက်များကို ကောက်နုတ်တင်ပြလိုပါတယ်။ တရားရုံးအဆင့်ဆင့်၏ စီရင်ဆုံးဖြတ်မှုအပေါ် တရားမျှတမှုနှင့်မှန်ကန်မှုရှိအောင် စိစစ်ပေးရန်တင်ပြလာခြင်း၊ တရားစွဲအဖွဲ့အစည်းများမှ ဥပဒေအရာရှိအချို့နှင့် ရဲတပ်ဖွဲ့ဝင်အချို့၏ အမှုကိစ္စဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း တင်ပြလာခြင်း၊ အချို့သောဝန်ကြီးဌာနများမှ တာဝန်ရှိသူအချို့၏ တာဝန်မဲ့၊ ဥပဒေမဲ့ဆောင်ရွက်ချက်များအပေါ်မကျေနပ်၍ အရေးယူပေးရန်တိုင်ကြားလာခြင်းနှင့် နိုင်ငံသားအခွင့်အရေး ထိခိုက်နစ်နာမှု၊ ဆုံရှုံးမှုများရှိသည်ဟုခံစားရသဖြင့် ပြန်လည်စိစစ်ပေးရန်နှင့် သက်သာခွင့်ရရှိရန် တင်ပြလာခြင်းစသည့်အမှုများကို အများဆုံးတိုင်ကြားလာကြောင်း လေ့လာတွေ့ရှိရပါတယ်။

သုံးသပ်ချက်အချို့ကို ဆက်လက်တင်ပြပါမယ်။ တရားရုံးများတွင် အမှုများပြားစွာစစ်ဆေးနေရခြင်းမှ လျော့နည်းစေရေးအတွက် ပြည်ထောင်စုတရားစီရင်ရေးမဟာဗျူဟာစီမံကိန်းအရ တရာမမှုများကို ချေလျှာမစတင်မီ ညှိနှိုင်းဆောင်ရွက်ခြင်းအား ထိထိရောက်ရောက် ဆောင်ရွက်သင့်ပါကြောင်း၊ တရားမမှုများကိုစိစစ်ရာတွင် အချိန်ကာလကြန့်ကြာမှုမရှိစေရန်နှင့် မှန်မှန်နှင့်မြန်မြန် ဖြစ်နိုင်စေရေးအတွက် ပိုမိုကောင်းမွန်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်ပါကြောင်း၊ ကော်မတီမှ ပေးပို့စာများနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် အောက်ခြေမှ

မူကြမ်း

တင်ပြလာသည့်တင်ပြချက်များကိုသာ အဓိကထားပြန်ကြားလာခြင်းထက် ဖြစ်ရပ်မှန်အပေါ် အဖွဲ့ဖွဲ့၍ စစ်ဆေးစေပြီး၊ တွေ့ရှိချက်အပေါ် စိစစ်သုံးသပ်ရန်လိုအပ်ပြီး အရေးယူဆောင်ရွက်မှုများကို အကျိုးအကြောင်းပြည့်စုံစွာဖော်ပြ၍ ကော်မတီသို့ ပြန်လည်ပေးပို့သင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများသို့ ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ရာတွင် အချို့သော အဖွဲ့အစည်း၊ ဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့များက အချိန်နှင့် တစ်ပြေးညီ ပြန်ကြားလာမှုရှိသော်လည်း အချို့သောဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ အချိန်တန်ကြာ မှ ပြန်ကြားခြင်းကို တွေ့ရှိရပြီး ယခင်ကကဲ့သို့ အကြောင်းပြန်ကြားချက်မရှိသော အဖွဲ့အစည်း၊ ဝန်ကြီးဌာနများမရှိတော့ကြောင်းတွေ့ရှိရသဖြင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းမှာ တိုးတက်မှု ရှိလာကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ဤအစီရင်ခံစာသည် ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များဖြစ်ပြီး တိုင်ကြားသူများ၏ နစ်နာမှုလျော့ပါးစေရေး နှင့်တရားစီရင်မှုမဏ္ဍိုင် တည့်မတ်ခိုင်မာမှုရှိပြီး ပြည်သူလူထုအတွင်း တရားရုံးများကို ယုံကြည် အားကိုးမှုရှိလာစေရေးအတွက် ဆောင်ရွက်ခဲ့မှုများကို တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက် ရာမှာ ကော်မတီသည် ဥပဒေကျွမ်းကျင်သူများနှင့် တွေ့ဆုံအကြံဉာဏ်ရယူပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိဂုံးချုပ်အနေဖြင့် ကော်မတီသည် ပြည်သူ့လွှတ်တော်က ပေးအပ်သည့်တာဝန်နှင့်အညီ ပြည်သူလူထုတို့က တင်ပြလာသည့် နစ်နာမှုများအပေါ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် တရားရုံးများက ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်နိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၊ ပြည်သူ့လွှတ်တော်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

မူကြမ်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းသည့် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာ

## ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့အထိ

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅(ဂ)နှင့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ် ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ တို့နှင့်အညီ ၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၉) ရက်မြောက်နေ့တွင် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆)ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ကော်မတီသည် တရားစီရင်ရေး၊ ဥပဒေရေးရာများနှင့် ပတ်သက်၍ နိုင်ငံသားများက နစ်နာမှုရှိကြောင်း တိုင်ကြားတင်ပြလာသည့် အကြောင်းအရာများကို သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ ကုစားပေးနိုင်ရန်နှင့် ထိရောက်လျှင်မြန်စွာ ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

**ကော်မတီ၏ တာဝန်များ**

၃။ ကော်မတီသည်-

(က) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ လုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှု ရှိစေရေးအတွက် ကူညီဆောင်ရွက်ရမည်။

( ခ ) ဥပဒေနှင့်အညီ တရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ပေးရမည်။

( ဂ ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ဃ) နိုင်ငံ့ဝန်ထမ်းများ၏ အခွင့်အရေးများ မှန်ကန်စွာ ရရှိရေးအတွက် စိစစ်ကူညီ ဆောင်ရွက်ပေးရမည်။

( င ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ်ပြဋ္ဌာန်းရန်များ တွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

( စ ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ် ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာ ဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဆ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်များ**

၄။ ကော်မတီအစည်းအဝေးများကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

၅။ ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြရမည်။

(ခ) ကော်မတီဝင်များသည် ကော်မတီ၏ အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(ဂ) အစီရင်ခံစာကို တင်ပြပြီးနောက် လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့်နေ့တွင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို ဆွေးနွေးရန် လွှတ်တော်သို့ အဆိုတင်သွင်းရမည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အစီရင်ခံစာကို ဆွေးနွေးပြီးသောအခါ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန် အဆိုတင်သွင်းရမည်။

၆။ ကော်မတီဝင်များသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသော အကြောင်းအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ သက်တမ်း**

၇။ ကော်မတီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်ဖြစ်သည်။ သို့ရာတွင် ကော်မတီ၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေအရ တစ်နှစ်ပြည့်မြောက်သည့်အခါ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။

**ကော်မတီဖွဲ့စည်းခြင်း**

၈။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးတင်ထွေး | ဝေါမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဝင်းဝင်း | မင်းဘူးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးကျော်ငြေး | လေရှီးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မြင့်မြင့်စိုး(ခ)ဒေါ်မေစိုး | ဗိုလ်တထောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| ( င ) | ဒေါ်ခင်စန္ဒီ | လောင်းလုံးမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးချင်းဖေလင်း | မံစီမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးမြမြမျိုး | ကျောက်တန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာဦးအေးကြူ | လပွတ္တာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးအေးမောင် | ဘောလခဲမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးချုပ်ဝင်းမောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာဦးခင်မောင်သင်း | အရာတော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးထွန်းထွန်းဝင်း | ရမည်းသင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဦးနေကျော် | ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဏ) | ဒုတိယဗိုလ်မှူးကြီးညီညီလွင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (တ) | ဗိုလ်ကြီးဒေါ်တင်မာဆွေ | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (ထ) | ဦးလှသန်း | ကဝမဲဆန္ဒနယ် | အတွင်းရေးမှူး |

**ဆောင်ရွက်ချက်များ**

၉။ ကော်မတီ၏ ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အစည်းအဝေးကျင်းပခြင်း။** ကော်မတီ၏ ပုံမှန်အစည်းအဝေးကို လွှတ်တော်အစည်းအဝေးကျင်းပသည့်ကာလအတွင်း အပတ်စဉ် ကြာသပတေးနေ့များတွင် ကျင်းပပြုလုပ်ပါသည်။ ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့ထိ ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၅) ကြိမ် ပြုလုပ်ခဲ့ပါသည်။ အထူးအစည်းအဝေးများကို လိုအပ်သောအခါများတွင် ကျင်းပပြုလုပ်ပါသည်။

မူကြမ်း

(ခ) **တာဝန်ခွဲဝေဆောင်ရွက်ခြင်း**

(၁) ဤကော်မတီသည် အထက်ရည်ရွယ်ချက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် တိုင်ကြားစာများအား ကော်မတီအဖွဲ့ဝင်များက အသေးစိတ် ဖတ်ရှုလေ့လာပြီး တွေ့ရှိချက်များအပေါ် မှတ်ချက်နှင့် အကြံပြုချက်များ ရေးသားစေခြင်း၊ ကော်မတီအစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုချက် ရယူခြင်းများ ဆောင်ရွက်ပါသည်။

(၂) တိုင်ကြားစာများကို ကော်မတီဝင်များအား ဖတ်ရှုစေပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်နှင့် အကြံပြုချက်များအပေါ် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စိစစ်၍ ဆောင်ရွက်ရန်ရှိသည်များကို ဆက်လက်ဆောင်ရွက်ပါသည်။

(ဂ) **တိုင်ကြားစာရောက်ရှိမှုအခြေအနေ**

၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့ထိ ကော်မတီသို့ ရောက်ရှိလာသော တိုင်ကြားစာ စုစုပေါင်းမှာ (၅၆၁) စောင်ဖြစ်ပြီး ယခင်နှစ် လက်ကျန်မှာ (၁၆၉)စောင်ဖြစ်သည့်အတွက် တိုင်ကြားစာစုစုပေါင်းမှာ စောင်ရေ (၇၃၀)ဖြစ်ပါသည်။ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီသို့ ( ၃ ) စောင်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးသို့ ( ၁၂ )စောင်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ( ၅ ) စောင်၊ ပြည်ထောင်စုဝန်ကြီး ဌာနများသို့ (၁၉)စောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သို့ (၁၇)စောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ( ၁၆ ) စောင်၊ တိုင်းဒေသကြီးဥပဒေချုပ်ရုံးသို့ (၂) စောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ (၁၀)စောင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ (၁)စောင်၊ သက်ဆိုင်ရာကော်မတီများသို့

(၄၂)စောင် စုစုပေါင်း (၁၂၇)စောင် လွှဲပြောင်းပေးပို့ခဲ့ပြီး ကော်မတီသို့ လိပ်မူများယွင်းပေးပို့ခြင်း၊ အချက်အလက်ပြည့်စုံမှုမရှိခြင်း၊ တိုင်ကြားသူလက်မှတ်ရေးထိုးထားမှုမရှိခြင်း၊ တိုင်ကြားသည့်အချိန်မှာ ဥပဒေအရ ကာလစည်းကမ်းသတ်ကျော်လွန်နေခြင်းနှင့် လိုအပ်သော အထောက်အထားများ မပါရှိခြင်းတို့ကြောင့် မှတ်တမ်းအဖြစ်ထားရှိသည့် တိုင်ကြားစာ စုစုပေါင်းမှာ ( ၅၁၅ )စောင် ဖြစ်ပါသည်။ ကော်မတီတွင် ဆောင်ရွက်ရန် ကျန်ရှိသော တိုင်ကြားစာမှာ (၈၈) စောင်ဖြစ်ပါသည်။ အသေးစိတ်ကို နောက်ဆက်တွဲဖြင့် ဖော်ပြထားပါသည်။

(ဃ) တိုင်ကြားသူများ၏ နစ်နာမှုများအပေါ် ဥပဒေနှင့်အညီ ကုစားပေးနိုင်ရေးအတွက် တိုင်ကြားသူ/ တိုင်ကြားခံရသူများအား လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ကော်မတီရုံးသို့ ဖိတ်ခေါ်၍ တွေ့ဆုံမေးမြန်းခြင်း၊ ညှိနှိုင်းခြင်း၊ အကြံပြုခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

(င) ဤကော်မတီသည် တိုင်ကြားစာတစ်ခုချင်းအပေါ် အလေးအနက်ထား စဉ်းစားပြီး တိုင်ကြားသူများ၏ နစ်နာမှုနှင့် ဆုံးရှုံးမှုကို ပြန်လည်ကုစားနိုင်ရန် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း(၂)ပါ တရားစီရင်ရေးဆိုင်ရာမူများတွင် ပါရှိသော စာပိုဒ်(၃)အရ ပြည်သူအချင်းချင်းနှင့်ပတ်သက်သော အမှုကို ဥပဒေဘောင်အတွင်းက ကျေအေးခြင်းဆိုသည့် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ အခန်း(၄) ပုဒ်မ ၉(ဃ)ပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဆိုသည့် ပြဋ္ဌာန်းချက်များနှင့်အညီသာ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

**တွေ့ရှိချက်နှင့် သုံးသပ်ချက်များ**

၁၀။ တွေ့ရှိချက်များနှင့် သုံးသပ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တိုင်ကြားစာများတွင် တရားရုံးအဆင့်ဆင့်၏ စီရင်ဆုံးဖြတ်မှုအပေါ် တရားမျှတမှုနှင့် မှန်ကန်မှုရှိအောင် ကော်မတီအနေဖြင့် စိစစ်ဆောင်ရွက်ပေးရန် အဓိက တင်ပြတိုင်ကြားလာသည်ကို တွေ့ရှိရပါသည်။

(ခ) တရားစွဲအဖွဲ့အစည်းများမှ ဥပဒေအရာရှိအချို့နှင့် ရဲတပ်ဖွဲ့ဝင် အချို့၏ အမှုကိစ္စဆောင်ရွက်ချက်များနှင့်ပတ်သက်၍ မမှန်မကန် ဆောင်ရွက်ကြောင်း တင်ပြလာခြင်းအများအပြားကိုလည်း တွေ့ရှိရပါသည်။

(ဂ) အချို့သောဝန်ကြီးဌာနများမှ တာဝန်ရှိသူအချို့၏တာဝန်မဲ့၊ ဥပဒေမဲ့ဆောင်ရွက်ချက်များအပေါ် မကျေနပ်၍ အရေးယူပေးရန် တိုင်ကြားမှုများကိုလည်း တွေ့ရှိရပါသည်။

(ဃ) နိုင်ငံသားအခွင့်အရေးထိခိုက်နစ်နာမှု၊ ဆုံးရှုံးမှုများရှိသည်ဟု ခံစားရသဖြင့် ပြန်လည်စိစစ်ပေးရန်နှင့် သက်သာခွင့်ရရှိစေရေးအတွက် တင်ပြမှုများကိုလည်း တွေ့ရှိရပါသည်။

(င) တရားရုံးများတွင် အမှုများပြားစွာ စစ်ဆေးနေရခြင်းမှ လျော့နည်းစေရေးအတွက် ပြည်သူ့တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းအရ တရားမမှုများကို အခြေလျှော မတင်မီ ညှိနှိုင်းဆောင်ရွက်ခြင်းအား ထိထိရောက်ရောက်ဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါသည်။

(စ) တရားမမှုများကို စစ်ဆေးရာတွင် အချိန်ကာလ ကြန့်ကြာမှုမရှိစေရန်နှင့် မှန်မှန်နှင့် မြန်မြန်ဖြစ်စေရေးအတွက် ယခုကျင့်သုံးနေသည်ထက် ပိုမိုကောင်းမွန်သည့် နည်းလမ်းများကို ရှာကြံဆောင်ရွက်သင့်ကြောင်း သုံးသပ်ရပါသည်။

(ဆ) ကော်မတီသည် တရားစီရင်ရေးနှင့် ဥပဒေဆိုင်ရာလုပ်ငန်းများ မှန်ကန်မှုနှင့် တရားမျှတမှုရှိစေရေး၊ တန်းတူညီမျှမှုအခွင့်အရေးနှင့် လွတ်လပ်မှုအခွင့်အရေး ရှိစေရေးတို့ကို နိုင်ငံသားတိုင်းခံစားနိုင်ရေးအတွက် အချိန်နှင့် တပြေးညီ တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်နေသော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတဆင့် သက်ဆိုင်ရာအဖွဲ့အစည်း၊ ဝန်ကြီးဌာနများသို့ ညှိနှိုင်းအကြောင်းကြား ဆောင်ရွက်ရာတွင် အချို့သော အဖွဲ့အစည်း/ ဝန်ကြီးဌာန/ အစိုးရအဖွဲ့များက အချိန်နှင့် တပြေးညီ ပြန်ကြားလာခြင်းရှိသော်လည်း အချို့အချို့သော ဌာန အဖွဲ့အစည်းများမှာ အချိန်အတန်ကြာမှ ပြန်ကြားခြင်းကို တွေ့ရပါသော်လည်း ယခင်ကကဲ့သို့ အကြောင်းပြန်ကြားချက်မရှိသော အဖွဲ့အစည်း၊ ဝန်ကြီးဌာနများ မရှိတော့ကြောင်း တွေ့ရသဖြင့် ပူးပေါင်းဆောင်ရွက်မှုအပိုင်းတွင် တိုးတက်မှု ရှိလာကြောင်း သုံးသပ်တွေ့ရှိရပါသည်။

(ဇ) ကော်မတီမှ ပေးပို့သော တိုင်ကြားစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာ အဖွဲ့အစည်း၊ ဌာန၊ အစိုးရအဖွဲ့များအနေဖြင့် အောက်ခြေမှ တင်ပြလာသည့် တင်ပြချက်ကိုသာ အဓိကထား၍ ပြန်ကြားလာခြင်းထက် ဖြစ်ရပ်အပေါ် အဖွဲ့ ဖွဲ့၍ စစ်ဆေးစေပြီး စစ်ဆေးတွေ့ရှိချက်အပေါ် စိစစ်သုံးသပ်ရန် လိုအပ်ပြီး အရေးယူဆောင်ရွက်မှုကို အကျိုးအကြောင်း ပြည့်စုံစွာဖော်ပြ၍ ကော်မတီသို့ ပြန်လည်ပေးပို့သင့်ပါကြောင်း သုံးသပ်ရပါသည်။

(ဈ) ပြည်သူလူထုအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိစေခြင်းဖြင့် တရားဥပဒေ စိုးမိုးရေးကို ပိုမိုအထောက်အကူပြုစေနိုင်သဖြင့် ဥပဒေအထောက်အကူပေးရေး အဖွဲ့ဝင်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဝင်များ ပါဝင်သည့်

အဖွဲ့များဖြင့် ပညာပေးဟောပြောမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ရပါသည်။

**ကော်မတီဝင်များ ပြည်ပခရီးသွားရောက်ခြင်း**

၁၁။ အစီရင်ခံသည့်ကာလအတွင်း ကော်မတီဝင်များသည် အောက်ဖော်ပြပါအတိုင်း သွားရောက်ခဲ့ပါသည်-

(က) ကော်မတီအဖွဲ့ဝင် ဒေါက်တာဦးအေးကြူသည် JICA မှ ဦးဆောင်၍ ၁-၇-၂၀၁၈ ရက်နေ့ မှ ၁၄-၇-၂၀၁၈ ရက်နေ့ထိ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပပြုလုပ်သော (၁၃)ကြိမ်မြောက် တရားရေးဆိုင်ရာသင်တန်းသို့ တက်ရောက်ခဲ့ပါသည်။

(ခ) ကော်မတီအတွင်းရေးမှူး ဦးလှသန်းသည် ၃-၃-၂၀၁၉ ရက်နေ့ မှ ၁၆-၃-၂၀၁၉ ရက်နေ့ထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်သော 15th Study Tour in Japan on Law/ Judicial Co-creation Program သို့ တက်ရောက်ခဲ့ပါသည်။

**နိဂုံး**

၁၂။ ဤအစီရင်ခံစာသည် ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့ မှ ၂၀၁၉ ခုနှစ်၊ မေလ ၁၈ ရက်နေ့ အထိ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များဖြစ်ပြီး တိုင်ကြားသူများ၏ နစ်နာမှု လျော့ပါးစေရေးနှင့် တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာမှုရှိပြီး ပြည်သူလူထုအတွင်း တရားရုံးများကို ယုံကြည်ကိုးစားမှုရှိလာစေရေးအတွက် ဆောင်ရွက်ခဲ့မှုများကို တင်ပြခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ကော်မတီသည် ဥပဒေကျွမ်းကျင်သူများနှင့် တွေ့ဆုံ အကြံဉာဏ်ရယူပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤကော်မတီသည် ပြည်သူ့လွှတ်တော်က ပေးအပ်သည့်တာဝန်နှင့်အညီ ပြည်သူတို့က တင်ပြလာသည့် နစ်နာမှုများအပေါ် တရားရုံးများက

ဥပဒေနှင့်အညီ စစ်ဆေးဆုံးဖြတ်သွားနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ

ပြည်သူ့လွှတ်တော်

နောက်ဆက်တွဲ(က)

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသို့ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တင်ပြစာများ ရောက်ရှိမှုအခြေအနေ (၁၉ – ၅ – ၂၀၁၈)ရက်နေ့မှ (၁၈ – ၅ – ၂၀၁၉)ရက်နေ့ထိ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၈ခုနှစ် | | | | | | | | ၂၀၁၉ ခုနှစ် | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | |
| ၁ | မန္တလေး | ၄ | ၁၀ | ၁၀ | ၁၂ | ၁၂ | ၄ | ၁၁ | ၁၃ | ၁၄ | ၁၄ | ၁၅ | ၄ | ၅ | ၁၂၈ |
| ၂ | ရန်ကုန် | - | ၂၀ | ၁၀ | ၁၀ | ၁၇ | ၁၅ | ၃ | ၁၂ | ၁၅ | ၈ | ၁၃ | ၁၃ | ၃ | ၁၃၉ |
| ၃ | ပဲခူး | - | ၁၀ | ၅ | ၄ | ၁၁ | ၉ | ၇ | ၅ | ၈ | ၆ | ၇ | ၄ | - | ၇၆ |
| ၄ | မကွေး | - | ၄ | ၃ | ၁ | ၄ | ၃ | ၂ | ၂ | ၂ | ၄ | ၃ | ၁ | - | ၂၉ |
| ၅ | စစ်ကိုင်း | ၂ | ၆ | ၂ | ၁၀ | ၅ | ၃ | ၅ | ၈ | ၈ | ၅ | ၅ | ၅ | ၄ | ၆၈ |
| ၆ | ဧရာဝတီ | ၁ | ၁ | ၁ | ၅ | ၃ | ၄ | ၃ | ၅ | ၄ | ၂ | ၁၁ | ၅ | ၄ | ၄၉ |
| ၇ | ရှမ်း | - | ၃ | ၂ | ၂ | ၂ | ၄ | - | ၁ | ၃ | ၆ | ၃ | ၄ | ၃ | ၃၃ |
| ၈ | ကချင် | - | ၃ | ၁ | ၁ | ၁ | - | - | ၂ | ၂ | - | - | - | - | ၁၀ |
| ၉ | မွန် | - | ၂ | ၁ | ၂ | - | - | - | ၁ | ၂ | ၂ | ၁ | ၃ | - | ၁၄ |
| ၁၀ | ရခိုင် | - | - | - | - | - | - | - | - | - | ၁ | - | - | - | ၁ |
| ၁၁ | ကရင် | - | - | ၁ | - | - | - | - | - | - | - | - | - | ၁ | ၂ |
| ၁၂ | တနင်္သာရီ | - | ၂ | ၄ | - | - | - | - | ၂ | ၁ | - | ၂ | - | - | ၁၁ |

မူကြမ်း

| | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁၃ | ကယား | - | - | - | - | - | ၁ | - | - | - | - | - | - | - | ၁ |
| ၁၄ | ချင်း | - | - | - | - | - | - | - | - | - | - | - | - | - | - |
| | **စုစုပေါင်း** | ၇ | ၆၁ | ၄၀ | ၄၇ | ၅၅ | ၄၃ | ၃၁ | ၅၁ | ၅၉ | ၄၈ | ၆၀ | ၃၉ | ၂၀ | ၅၆၁ |

နောက်ဆက်တွဲ( ခ )

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ (၁၉ – ၅ – ၂၀၁၈)ရက်နေ့မှ (၁၈ – ၅ – ၂၀၁၉)ရက်နေ့အထိ တိုင်ကြားစာများ ဆောင်ရွက်ထားရှိမှုအခြေအနေအကျဉ်းချုပ်**

| စဉ် | တိုင်ကြားစာစုစုပေါင်း | ကော်မတီမှ ပေးပို့ | | | | | | | | | | | | ကော်မတီသို့ ပြန်ကြား | | | | | | | | | | မှတ်တမ်း | ဆောင်ရွက်ရန်ကျန် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ပြည်ထောင်စုဝန်ကြီးဌာန | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ကော်မတီ များ သို့ လွှဲ ပြောင်း ပေး ပို့ ခြင်း | တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံး | အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် | မြန်မာနိုင်ငံ အမျိုး သား လူ့ အခွင့် အရေး ကော်မ ရှင် | စုစုပေါင်း | လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ပြည်ထောင်စုဝန်ကြီးဌာန | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | ကော်မတီ များ သို့ လွှဲ ပြောင်း ပေး ပို့ ခြင်း | တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် | တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံး | အဂတိတိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် | မြန်မာနိုင်ငံ အမျိုး သား လူ့ အခွင့် အရေး ကော်မ ရှင် | စုစုပေါင်း | | |
| ၁။ | ၇၃၀ | ၃ | ၁၂ | ၅ | ၁၉ | ၁၇ | ၄၂ | ၁၆ | ၂ | ၁၀ | ၁ | ၁၂၇ | ၁ | ၆ | ၂ | ၆ | ၅ | ၀ | ၀ | ၁ | ၆ | - | ၂၇ | ၅၁၅ | ၈၈ |

**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍**

**ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း**

**တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီရဲ့ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၅-၁၁-၂၀၁၉ ရက် (သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါတယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့**

**ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်**

**နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်(အင်္ဂါနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁:၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁:၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၁၄.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ

pyithu.hluttaw.mm



U Thein Tan



U Thar Oo

pyithu.hluttaw.mm



U Thar Oo



Dr San Shwe Win

pyithu.hluttaw.mm



U Kyaw Linn



U Tun Wai

pyithu.hluttaw.mm



U Kyaw Linn



U Myint Oo

pyithu.hluttaw.mm



U Kyaw Linn



U Tin Aye

pyithu.hluttaw.mm



U Kyaw Linn



Dr Linn Linn Kyaw

pyithu.hluttaw.mm



U Kyaw Linn



U Phone Myint Aung

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်